ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (16-12-2011) (၆၉၇၅)

**ဒို့တာဝန်အရေးသုံးပါး**

- ✰ ပြည်ထောင်စု မပြိုကွဲရေး။
- ✰ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✰ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ယနေ့ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ မိမိ၏လုပ်ငန်းတာဝန်များကို ပီပီပြင်ပြင်လုပ်ဆောင်နေစဉ် တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် သိက္ခာ၊ သမာဓိနှင့် စိတ်စေတနာဖြူစင်စွာ ဆောင်ရွက်ရန်လို

# နိုင်ငံတော်က ချမှတ်ပေးသော တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များလိုက်ပါလျက် ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် လားရှိုးမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ မူဆယ်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်ကြားမှု သင်ယူမှုအထောက်အကူပြုစာသင်ခန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောင်းချယ်ရီခန်းမ၌ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းရင်းသားကုမ္ပဏီ ခြောက်ခုက ကျောင်းငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀၊ ကွန်ပျူတာ ၁၀ လုံးနှင့် ဆက်စပ် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**





**ကြည့်ရှုစစ်ဆေး**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မူဆယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့ရှိ နန်းတော်နယ်စပ်ကုန်သွယ်ရေးဂိတ်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**ခရီးသွားများ ဗီဇာလွယ်ကူလျင်မြန်စွာရရှိအောင် သတ်မှတ်စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်။**

ကြေးမုံစာတည်းရှုထောင့် ၁၆-၁၂-၂၀၁၁[သောကြာနေ့]။

# စာကောင်းပေမွန်များ ပြည်သူအကြား ထဲထဲဝင်ဝင်

စာပေသည် အမျိုးသားယဉ်ကျေးမှု၏ အရင်းအမြစ်ဖြစ်သည်။ ပြည်သူများ ခေတ်နှင့်တစ်ပြေးညီ အသိအမြင် ပွင့်လင်းရန် လိုအပ်သည်။ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအမြင် ကြည်ကြည်လင်လင် ရှိစေရေး စာပေဖြင့် ဖန်တီးဖော်ဆောင်ပေးနိုင်သည်။ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များ ခံယူကျင့်သုံးနိုင်ရေး စာပေဖြင့် ဗဟုသုတပေးနိုင်ပေသည်။

ခေတ်အဆက်ဆက်တွင် စာပေပညာရှင်များက လောကကြောင်း၊ ဓမ္မကြောင်းများကို အခြေခံပြီး စာပေများ ရေးသားခဲ့ကြသည်။ ထည်ဝါခံ့ညားသည့် အမျိုးသားယဉ်ကျေးမှုနှင့်အတူ အမျိုးဘာသာ သာသနာကို မြှင့်တင်နိုင်ခဲ့ကြသည်။ မျက်မှောက်ခေတ် စာပေပညာရှင်များက မြန်မာစာပေ ရှင်သန်တိုးတက်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ မြန်မာစာပေ ပင်မရေစီးကြောင်း အရှိန်အဟုန်ဖြင့် စီးဆင်းနေစေရေး စွမ်းဆောင်ကြရပေဦးမည်။

မြန်မာစာပေနှင့် မြန်မာစာပေလောက ရှင်သန်ထွန်းကားရေး နိုင်ငံတော်က ချီးမြှင့်အားပေးလျက်ရှိသည်။ စာပေပညာရှင်များ၏ စာပေလက်ရာမွန်များကို နှစ်စဉ်ရွေးချယ်ဖော်ထုတ်ပြီး စာပေဆုနှင်းပွဲများ ကျင်းပ၍ ဂုဏ်ပြုချီးမြှင့်နေသည်။

၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို ထုတ်ပြန်ခဲ့ရာ ဝတ္ထုတို ပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ လူငယ်စာပေ၊ ဘာသာပြန်(သုတ)၊ ဘာသာပြန်(ရသ)၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ၊ နိုင်ငံရေးစာပေနှင့် အင်္ဂလိပ်ဘာသာစာပေဆု အသီးသီးပါဝင်သည်။ ထို့အတူ မြန်မာစာပေအကျိုး ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာ အားထုတ်ရေးသားပြုစုဆောင်ရွက်ချက်ကို အသိအမှတ်ပြု ချီးမြှင့်သည့် ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

ယခုနှစ် အမျိုးသားစာပေဆုရ စာအုပ်များသည် သုတစုံ၊ ရသစုံသည်။ အကြောင်းအရာစုံ၊ ဘဝစုံသည်။ စာဖတ်သူများ ခြေခြေမြစ်မြစ် သိရှိနိုင်ရေး ရည်ရွယ်ရေးသားထားသည်များ တွေ့ရသည်။ အမျိုးသားစာပေဆုရှင်၊ စာရေးဆရာအများစု၏ ရင်တွင်းစကားများအရ မြန်မာစာပေ၊ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု တိုးတက်စေလိုသည့် စေတနာကို တွေ့မြင်ရသည်။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကား၊ ကိုယ့်စာပေမြတ်နိုးဖို့ တိုက်တွန်းနေကြပြီ။

ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံသစ် တည်ဆောက်နေချိန်တွင် အသိပညာ၊ အတတ်ပညာမြင့်မားသည့် အရင်းအမြစ်များ လိုအပ်သည်။ တိုးတက်လာသည့် ခေတ်မီနည်းပညာရပ်များနှင့်အတူ အကျင့်စာရိတ္တ၊ လူမှုသိက္ခာ စိတ်ဓာတ်ခိုင်မာသည့် ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ရန်လည်း လိုအပ်သည်။ သည်လိုအပ်ချက်ကို စာပေပညာရှင်များ၏ တိုင်းကျိုးပြည်ဆောင် စာကောင်းပေမွန်များဖြင့် မီးမောင်းထိုးပြသရန် တာဝန်ရှိသည်။ သုတ၊ ရသ၊ ဗဟုသုတ အသိပညာရရှိစေမည့် စာပေများ ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင်ရောက်ရှိစေရေး မျက်မှောက်ခေတ်စာပေပညာရှင်များက ဆက်လက်အားထုတ်သွားကြရန် တိုက်တွန်းပါသည်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၁၂-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၃ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ဇာတ်လမ်းတို |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၂။ | အဖွင့်သီချင်း |
| ၄း၀၅ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၀ | ၄။ | မဟာဂီတချိုကြည်မြ |
| ၄း၂၀ | ၅။ | ဇာတ်လမ်းတို |
| ၄း၂၅ | ၆။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၀ | ၈။ | အိုင်စီတီသုတ |
| ၅း၁၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| | | (အပိုင်း-၉) |
| ၆း၀၀ | ၁၁။ | မြဝတီ ရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၅ | ၁၃။ | 'ရွာ'ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၂၇) -တစ်လိမ်နှစ်လိမ် (သူရဇ္ဇ၊ငွေမိုး၊ ဝင်းသပြေထွန်းနှင့် သရုပ်ဆောင်များ) |
| ၆း၄၅ | ၁၄။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၃၁)** |
| ၈း၀၀ | ၁၆။ | မြဝတီ ရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| | ၂၂။ | သံစဉ်များနှင့်ကမ္ဘာ |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၁၉)** |

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဘရာဇီးနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E .Jose Carlos da Fonseca Junior သည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**

အဆိုပါတွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးအရာရှိ သူရဦးစိန်သောင်း၊ ရုံးအဖွဲ့မှူး ဦးကျော်ဝင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း) ဦးဝင်းတင့်၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း) ဦးကျော်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးပြပွဲ၊ပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက စတုတ္ထအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ပျဉ်းမနားမြို့ အောင်မင်္ဂလာ ယာဉ်ရပ်နားဝင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆထိခိုက်မှု လျော့နည်းကျဆင်းရေးအတွက် ယာဉ်/လမ်း အသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အသိပညာ၊ ဗဟုသုတ တိုးပွားစေရေး၊ စည်းကမ်းနှင့်အညီ သွားလာမောင်းနှင်စေရေးတို့အတွက် ရည်ရွယ်၍ ပညာပေးပြခန်းများ၊ ကျောင်းသားလူငယ်များအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပပေးမည့်အပြင် အရောင်းပြခန်းများ ပါဝင်ရောင်းချပြသပေးမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၃၉) အား ယနေ့ (ကြာသပတေးနေ့) တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် MRTV-4 ရုပ်သံလိုင်းတွင် ပြသမည့် မိုးကျရွှေကိုယ် ကိုရီးယားဇာတ်လမ်းတွဲသစ် အကြောင်း၊ Miss Universe, Miss USA နှင့် American Music Awards စသည့် ဂီတဆုပေးပွဲများ၏ ဖျော်ဖြေမှုများအား ခရစ္စမတ်ကာလတွင် ပြသပေးမည့် Star World ရုပ်သံလိုင်း၊ Animal Planet ရုပ်သံလိုင်းတွင် ကမ္ဘာပေါ်ရှိ ကြောက်စရာအကောင်းဆုံးသော အဆိပ်များအား ပိုင်ဆိုင်သည့် မြွေသတ္တဝါများအကြောင်း ကြည့်ရမည့် Bite of the Living Dead အစီအစဉ်၊ NGC ရုပ်သံလိုင်းတွင် သေဒဏ်ကျခံရသူ အကျဉ်းသားတစ်ယောက်၏ ထောင်ဖောက်ပြေးမှုအား တင်ဆက်ပြသပေးမည့် Breakout: Ohio's Most Wanted အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် အိုစမာဘင်လာဒင်အား ဖမ်းဆီးသုတ်သင်နိုင်ခဲ့သည့် အထူးစစ်ဆင်ရေးတပ်ဖွဲ့၏ စစ်ဆင်ရေးအကြောင်းအား အသေးစိတ်ပြသပေးမည့် The Death of Bin Laden အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express 09-5080850,391186, Market Care 01-223973, 09-73073029 တို့သို့ မှာယူနိုင်သည်ဟု သိရသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၃၅၅၀ | ၀. ၀၃၁၈၉ |
| တရုတ် (ယွမ်) | ၆. ၃၇၄၈၀ | ၀. ၁၅၆၈၇ |
| အိန္ဒိယ (ရူပီး) | ၅၃. ၆၄၅၀ | ၀. ၀၁၈၆၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၆၅၀ | ၀. ၃၁၃၈၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၅၇၀ | ၀. ၇၆၅၈၇ |
| ဂျပန် (ယန်း) | ၇၇. ၈၀၂၉ | ၀. ၀၁၂၈၅ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၅. ၂၃ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၆၈၃၇ | ၁. ၃၀၁၄၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၄၈၈ | ၁. ၅၅၀၆၈ |

*အင်တာနက်။*

## လာရောက်တွေ့ဆုံ

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Jose Carlos da Fonseca Junior လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



**ရန်ကုန်မြို့နေ ဗိုလ်မှူးကြီး အောင်မြင့်(ငြိမ်း) [ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်)] - ဒေါ်ဥမ္မာ မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းပေးအပ် လှူဒါန်းရာ ဗိုလ်မှူးချုပ်အေးဘယ်လ်(ငြိမ်း)နှင့် ဒေါက်တာ ဒေါ်ကင်းအိမ်တို့ လက်ခံယူစဉ်။**

(ကြေးမုံ)

# သက်တမ်းကြာမြင့်သောမော်တော်ယာဉ်များ အပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းလာသည့် မော်တော်ယာဉ်များ ထုတ်ယူနိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

သက်တမ်းကြာမြင့်သော မော်တော်ယာဉ်များ အပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းလာသော မော်တော်ယာဉ်များအား ဆိပ်ကမ်းအသီးသီးမှ ထုတ်ယူရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်ကန်မြန်ဆန်စွာ ရှင်းလင်းထုတ်ယူနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

ယာဉ်ပိုင်ရှင်များအနေဖြင့် ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် သွင်းကုန်လိုင်စင်အပါအဝင် စာရွက်စာတမ်းများ လက်ဝယ်တွင် ပြည့်စုံစွာရရှိပြီးဖြစ်ပါက အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှိ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၌ သွင်းကုန်ကြေညာလွှာ လာရောက်တင်သွင်း၍ ထုတ်ယူနိုင်ပြီဖြစ်သည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ယာဉ်ပိုင်ရှင်က တင်သွင်းလာသည့် လိုင်စင်ခွင့်ပြုချက်အပါအဝင် ပူးတွဲအထောက်အထားများ ပြည့်စုံမှန်ကန်မှုရှိပါက အခွန်စည်းကြပ်တွက်ချက်ခြင်းကို ချက်ချင်းဆောင်ရွက် ပေးလျက်ရှိသည့် အပြင် ကျသင့်သောအခွန်အခများကို မိမိတို့နှစ်သက်ရာ အစိုးရ/ပုဂ္ဂလိကဘဏ်များတွင် ဝယ်ယူထားသော Payment Order (P.O Cheque) ဖြင့် (သို့မဟုတ်) အကောက်ခွန်ဦးစီးဌာနတွင် Deposit Account ရှိပြီးသူများအနေဖြင့် ယင်းမှ ဖြတ်တောက်၍ နေ့စဉ် ညနေ ၄ နာရီ မတိုင်မီ အကောက်ခွန်ဦးစီးဌာန ငွေစာရင်းဌာနစိတ်သို့ ပေးသွင်းပါက မော်တော်ယာဉ်ထုတ်ယူရေးအတွက် နှောင့်နှေးကြန့်ကြာမှု လုံးဝမရှိစေဘဲ နေ့ချင်းပြီး ရှင်းလင်းထုတ်ယူနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သောကြာနေ့ ညနေပိုင်းတွင် အချိန်မီ ပြီးပြတ်မှုမရှိသဖြင့် ကျန်ရှိနေသော သွင်းကုန်ကြေညာလွှာများအား စနေနေ့တိုင်းတွင် ပုံမှန်ရုံးချိန်အတိုင်း ဆက်လက်ရှင်းလင်းထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ပစ္စည်းများအတွက် ငွေကျပ်သိန်း ၅၀၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကျောင်းငွေပဒေသာပင် အတွက် ငွေကျပ် ၁၀ သိန်း၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အားကစား အထောက်အကူပစ္စည်းများ၊ ရွှေသံလွင်ကုမ္ပဏီက Sky Net ရုပ်မြင်သံကြားစက် ၁၂ စုံ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးတို့က လက်ခံကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး တိုးချဲ့ဖျားနာဆောင်ရှိ အမျိုးသားဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ အမျိုးသမီးဆောင်တို့၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မွေးကင်းစကလေးကုသဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ဌာန၊ ခုခံအားကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာန၊ သွေးလှူဘဏ်၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် သွားနှင့်ခံတွင်း ပြင်ပလူနာဌာနများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဆေးရုံကြီးအစည်းအဝေး ခန်းမ၌ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက်၊ လွယ်ဟိန်းကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ အိုင်ဂျီအီးကုမ္ပဏီနှင့် တာမိုးညဲချမ်းသာကုမ္ပဏီတို့က ဆေး ပဒေသာပင်အတွက် ငွေကျပ်သိန်း ၂၀၀၊ ရွှေသံလွင်ကုမ္ပဏီက ဆေးရုံအတွက် Sky Net ရုပ်မြင်သံကြားစက် နှစ်စုံတို့ကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ ဈေးရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိကြပြီး အတန်းအလိုက် ပညာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၊ ACE ကုမ္ပဏီ၊ IGE ကုမ္ပဏီ၊ လွယ်ဟိန်း ကုမ္ပဏီ၊ တာမိုးညဲချမ်းသာကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့က အထက်တန်းကျောင်း(ခွဲ)၌ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်နိုင်ရန်အတွက် မတည် လှူဒါန်းငွေကျပ်သိန်း ၁၂၀၀ ကို ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။



ဥပဒေပြုရေးအာဏာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ရှိနေပြီးဖြစ်သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

ဆောင်ရွက်ချက်အပေါ်တွင်လည်း တာဝန်ခံ၊ တာဝန်ယူရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက သန့်ရှင်းသောအစိုးရဖြစ်ရမည်ဟု ညွှန်ကြားထားပြီး လာဘ်ပေးလာဘ်ယူခြင်း စသည့် တရားမဝင်လုပ်ဆောင်ပါက ပြင်းပြင်းထန်ထန် အရေးယူခြင်းခံရမည်ဟု အတိအလင်းထုတ်ပြန်ထားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကချမှတ်ပေးသော တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ရန် လိုအပ်သကဲ့သို့ ပြည်သူတို့၏ စားဝတ်နေရေး၊ အသက်မွေး ဝမ်းကျောင်းရေးရာကိစ္စများ၊ သာရေး၊ နာရေး၊ စီးပွားရေး၊လူမှုရေးကိစ္စအဝဝ ကူညီ ဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မူဆယ်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ပညာရေး၊ ကျန်းမာရေး စသည့် ဖွံ့ဖြိုး ရေးလုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လုပ်ငန်းညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့မှ ရဟတ်ယာဉ် များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေး ရေးစခန်းသို့ ရောက်ရှိကြသည်။

ထို့နောက် မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပဲ၊ ပြောင်း၊ နှမ်း၊ လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်၌ ခင်းကျင်းပြသထားသည့် ပဲ၊နှမ်း၊ လယ်ယာ ထွက်ကုန်ပစ္စည်းများနှင့် သစ်သီးဝလံများကို ကြည့်ရှုစစ်ဆေးကာ ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများအား သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် လိုအပ်ချက်ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည် ထွက်ခွာလာခဲ့ကြရာ လားရှိုးမြို့သို့ ညနေပိုင်းတွင်ရောက်ရှိကြသည်။

(သတင်းစဉ်)



ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာဝန်မြောက်ကျောင်း လာဘမေတ္တာ ဓမ္မာရုံကြီး၌ကျင်းပသည့် ထေရ်ကြီးသံဃာတော်များအား ပူဇော်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်း ဆန်တော်၊ ဆီ တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့ရှိ နန်းတော် နယ်စပ်ကုန်သွယ်ရေးဂိတ်သို့ရောက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး ဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းတို့က နန်းတော်ဂိတ်တွင် နေ့စဉ် ခရီးသွားဧည့်သည်ဝင်ထွက်မှု၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး အတွက် ပို့ကုန်သွင်းကုန်များ စစ်ဆေးဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေး၊ ခရီးသွားများ ဗီဇာလွယ်ကူလျင်မြန်စွာ ရရှိအောင် စီမံဆောင်ရွက်ရေး၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာ-တရုတ်နယ်စပ် မူဆယ် နန်းတော်ဂိတ်ရှေ့ရှိ နယ်ခြားကျောက်တိုင်ရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မူဆယ်ခရိုင် မူဆယ်မြို့ ရွှေလီရတနာခန်းမ၌ မူဆယ်ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မူဆယ်ဒေသမှ အုပ်ချုပ် ရေးမှူးများအား တွေ့ဆုံရခြင်းသည် အုပ်ချုပ်ရေးမှူးများအဖြစ် တာဝန်ယူနေကြသည့် ပုဂ္ဂိုလ်များအားလုံး ယနေ့ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ မိမိ၏ လုပ်ငန်း တာဝန်များကို ပီပီပြင်ပြင် လုပ်ဆောင်သွားနိုင်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ခက်မသုံးဖြာ အာဏာသုံးရပ်တွင် ပြည်သူများရွေးကောက်တင်မြှောက်လိုက်သည့် လွှတ်တော် ကိုယ်စားလှယ်အသီးသီးတို့က တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

တရားစီရင်ရေးအာဏာကို သက်ဆိုင်ရာ အဆင့်အလိုက် တရားလွှတ်တော်ရုံး များနှင့် တရားသူကြီးများက လွတ်လပ်စွာ တရားစီရင်ကြပြီဖြစ်ကြောင်း။

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မူဆယ်မြို့ ဈေးရပ်ကွက်ရှိ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)

တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များရှိပြီး မိမိတို့၏ ဒေသနှင့်ကိုက်ညီ သော ဥပဒေများ ပြဋ္ဌာန်းပြုပြင်နေကြပြီဖြစ်ကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာအာဏာမှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသဦးစီးအဖွဲ့တို့ ရှိနေကြပြီဖြစ် ကြောင်း။

ယခုအုပ်ချုပ်ရေးမှူးများအားလုံး ထမ်းဆောင်နေသော တာဝန်များသည် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရကို တာဝန်ခံ၍ ထမ်းဆောင်နေကြခြင်းဖြစ် ကြောင်း၊ ယခု အဆင့်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးမှူး များအနေဖြင့် မူဆယ်ဒေသသည် နယ်စပ်ဒေသဖြစ်ပြီး ထူးခြားသောဝိသေသရှိသည့် အတွက် အရည်အသွေးပြည့်ဝသော ဝန်ထမ်းများဖြစ်ရန် အရေးကြီးကြောင်း။

နှစ်နိုင်ငံနယ်စပ်ဒေသဖြစ်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဆက်ဆံရေးကို ထိပါးစေ မည့်အပြုအမူများ ရှောင်ရှားရန်လိုအပ်ခြင်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ နယ်စပ် ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ထမ်းဆောင်ရန် လိုအပ်ခြင်း၊ ကမ္ဘာလှည့်ခရီးသွားများ ဝင်ထွက်သွားလာသောမြို့ဖြစ်သည့်အတွက် သာယာလှပသော နယ်စပ်မြို့တစ်မြို့ဖြစ်စေရန် ကွမ်းတံတွေးများ၊ စည်းကမ်းမရှိ အမှိုက်ပစ်ခြင်း များကို ပညာပေးတားဆီးကာကွယ်ရန် လိုအပ်ခြင်း၊ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ် သည့်အတွက် ကိုယ်ပိုင်ဘာသာစကားအပြင် တရုတ်ဘာသာစကား၊ အင်္ဂလိပ်ဘာသာ စကားများတတ်ကျွမ်းခြင်းဖြင့် လုပ်ငန်းတွင် ပိုမိုအထောက်အကူဖြစ်စေခြင်း၊ အများသုံး ပုဂ္ဂလိကရေအိမ်များ၊ အမှိုက်ပုံးများအား ရပ်ကွက်တိုင်း၊ နေရာတိုင်းဆောက်လုပ် အသုံးပြုစေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအလေးပေးပြီး တရားမဝင် သစ်ပင်ခုတ်လှဲခြင်းကို တားမြစ်ခြင်း၊ သစ်ပင်များပိုမိုစိုက်ပျိုးစေခြင်း၊ နောက်ပိုင်း ရထားလမ်းများလည်း ရောက်ရှိလာမည်ဖြစ်သည့်အတွက် ပိုမိုဂရုစိုက်ရန် လိုအပ်ခြင်း စသည်တို့မှာ ဦးဆောင်ဦးရွက်လုပ်ရမည့် လုပ်ငန်းထဲက အချို့သာဖြစ်ကြောင်း။

နေ့စဉ်တာဝန်ဝတ္တရားများထမ်းဆောင်ရာတွင် သိက္ခာ၊ သမာဓိနှင့် စိတ်စေတနာ ဖြူစင်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူဆီက ဆုလာဘ် တစ်ခုခုကိုမျှော်ကိုးပြီး အလုပ်လုပ်ခြင်းမျိုးမဖြစ်စေရန် လိုအပ်သကဲ့သို့ လာဘ်ပေးလာဘ်ယူ ကင်းကင်းရှင်းရှင်း ရှိစေပြီး ဥပဒေဘောင်အတွင်းမှ တရားမျှတစွာစီမံခန့်ခွဲရန် လိုအပ်ကာ မိမိ၏

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၆-၁၂-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၃၀ | ၂။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၃။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်) |
| ၇း၅၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၅။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၆။ | ကြေးမုံရိပ်သွင်တေးနှုယဉ် |
| ၈း၂၀ | ၇။ | အကပြိုင်ပွဲ |
| ၈း၃၀ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | "သစ်ပင်သစ်တောများ" |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၃၀ | ၄။ | သူ့လက်သံ |
| ၄း၃၅ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ပထဝီဝင်အထူးပြု)(ပထဝီဝင်) |
| ၄း၅၀ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၅၅ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၅း၁၀ | ၈။ | "တောင်သူဘဝ ဆတိုးအကျိုးခံစား စပ်မျိုးစပါး" (အပိုင်း-၂) |
| ၅း၂၅ | ၉။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၄၅ | ၁၀။ | "စုစည်းခံစားကမ္ဘာ့အားကစား" |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | ရသစုံလင်အင်တာနက်ဥယျာဉ် |
| ၇း၀၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ)(အပိုင်း-၁၅)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | လျှပ်တစ်ပြက်ဟာသများ |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ဒုတိယတွဲ)(အပိုင်း-၂၇)** |
| | ၂၀။ | သီချင်းချစ်သူ (ကာကာ) |
| | ၂၁။ | အစီအစဉ်ပြီး၏။ |



အမေရိကန်၏ စစ်ရေးမစ်ရှင်လုပ်ငန်း ပြီးဆုံးမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

# အီရတ်၌ အမေရိကန်၏စစ်ရေးမစ်ရှင် ပြီးဆုံးမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၅

**အီရတ်နိုင်ငံ၌ အမေရိကန်၏ စစ်ရေးမစ်ရှင်လုပ်ငန်းပြီးဆုံးမှု အထိမ်းအမှတ်အခမ်းအနားကို မြို့တော်ဘဂ္ဂဒက်အနီး၌ ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖြုတ်ချနိုင်ရန်အတွက် အမေရိကန်နိုင်ငံက ယင်းနိုင်ငံကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် ကိုးနှစ်နီးပါးအကြာတွင် အမေရိကန်၏ စစ်ရေးမစ်ရှင်လုပ်ငန်းကို အဆုံးသတ်လိုက်ပြီဖြစ်သည်။

**တက်ရောက်**

အီရတ်၌ အမေရိကန်၏ စစ်ရေးမစ်ရှင်လုပ်ငန်းပြီးဆုံးမှု အထိမ်းအမှတ်အခမ်းအနားသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာ၊ အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်တပ်မှူး ဗိုလ်ချုပ်ကြီး လွိုက်ဒ်အော်စတင်၊ အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျိမ်းစ်ဂျက်ဖရီ၊ ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့၏ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မာတင်ဒမ်ဆေးနှင့် အမေရိကန်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျိမ်းစ်မက်တစ်တို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ အီရတ်နိုင်ငံကို ကိုယ်စားပြု၍ စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဘာဘာကာဇီဘာရီနှင့် အီရတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် မိုဟာမက်အယ်အက်ခါရီတို့နှင့် အတူ အမေရိကန်တပ်ဖွဲ့ဝင် ၁၆၀ ခန့် တက်ရောက်ခဲ့ကြသည်။

အီရတ်နိုင်ငံ၌ ကျန်ရှိနေသေးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၀၀၀ ကျော်သည် လာမည့်ရက်ပိုင်းအတွင်း ယင်းနိုင်ငံမှ ထွက်ခွာကြမည်ဖြစ်သည်။ **အင်တာနက်။**

# ဆိုက်ပရပ်စ်ကျွန်း စစ်အခြေစိုက်စခန်းများ ဗြိတိန်ဆက်လက်ထားရှိမည်

လန်ဒန် ဒီဇင်ဘာ ၁၅

**မဟာဗျူဟာအရ အရေးပါမှုနှင့် ပတ်သက်၍ လေ့လာသုံးသပ်မှုများ အပြီးသတ်လုပ်ဆောင်ခဲ့ပြီးနောက် ဆိုက်ပရပ်စ်ကျွန်းရှိ ၎င်း၏ စစ်အခြေစိုက်စခန်းနှစ်ခုအား ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။**

အာဖရိကတိုက်၌ ပြုလုပ်ခဲ့သော ဗြိတိန်၏ လေကြောင်းစစ်ဆင်ရေးများနှင့် အာဖဂန်စစ်မြေပြင် ထောက်ပို့လုပ်ငန်းများ လုပ်ဆောင်ရေးတို့အတွက် အထောက်အကူပြုခဲ့ကြောင်း သက်သေပြနိုင်ခဲ့ပြီးနောက် ဆိုက်ပရပ်စ်ကျွန်းမှ စစ်အခြေစိုက်စခန်းများကို ဆက်လက်ထားရှိသွားမည်ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဖီးလစ်ဟမ်မွန့်က အတည်ပြုပြောကြားခဲ့သည်။

**ဖော်ပြထား**

ဆိုက်ပရပ်စ်ကျွန်း စစ်အခြေစိုက်စခန်းများသည် ဘူမိနိုင်ငံရေးအရ အရေးပါပြီး ဗြိတိန်နိုင်ငံ၏ ရေရှည် အမျိုးသားအကျိုးစီးပွားများအတွက် ဦးစားပေးနေရာများဖြစ်လာကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၁၉၆၀ ခုနှစ်တွင် ဆိုက်ပရပ်စ်ကျွန်းနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ယင်းနိုင်ငံက ပိုင်ဆိုင်ခဲ့သည့် အခရိုရီတီနှင့် ဒေကီလီယာအမည်ရှိ မြေထဲပင်လယ်ဒေသကျွန်းနှစ်ကျွန်း၌ ဗြိတိန်နိုင်ငံက စစ်အခြေစိုက်စခန်းများထားရှိခဲ့သည်။

၂၀၁၄ ခုနှစ်၌ အာဖဂန်နစ္စတန်စစ်မြေပြင်မှ ဗြိတိန်တပ်ဖွဲ့များရုပ်သိမ်းရာတွင် ယင်းစခန်းများသည် အရေးပါသော စစ်စခန်းများဖြစ်လာမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ **အင်တာနက်။**




ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ရှိ “သည်အေ့ဂ်” သတင်းစာတိုက် အဆောက်အအုံ။

**မဲလ်ဘုန်း ဒီဇင်ဘာ ၁၅**

ဩစတြေးလျနိုင်ငံ၌ နိုင်ငံရေးပါတီတစ်ခု၏ ကွန်ပျူတာစနစ်မှတ်တမ်းမှတ်ရာများအား ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကြည့်ရှုခဲ့သည်ဆိုမှုဖြင့် မဲလ်ဘုန်းမြို့ရှိ “သည်အေ့ဂျ်”အမည်ရှိ သတင်းစာတိုက်အား ရဲတပ်ဖွဲ့က စီးနင်းရှာဖွေခဲ့ကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

ဝိတိုရိယရဲတပ်ဖွဲ့၏ ကွန်ပျူတာကွန်ရက်ရာဇဝတ်မှုခင်းနှိမ်နင်းရေးအဖွဲ့သည် အဆိုပါသတင်းစာတိုက်ရှိ သတင်းထောက်များ၏ စာရေးစားပွဲများကို ရှာဖွေခဲ့သည်။

ဝိတိုရိယရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ခြောက်ဦးသည် ယနေ့နံနက်က မိမိတို့သတင်းစာတိုက်သို့ ရောက်ရှိလာခဲ့ပြီး ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း အဆိုပါသတင်းစာတိုက်ကို ပိုင်ဆိုင်သော ဖဲယားဖက်စ်မီဒီယာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဂရက်ဟောင်းဝုဒ်က ပြောကြားသည်။

လွန်ခဲ့သည့်နှစ်က ဝိတိုရိယပြည်နယ် ရွေးကောက်ပွဲမတိုင်မီတွင် လက်ရှိအာဏာရ လေဘာပါတီ၏ ကွန်ပျူတာကွန်ရက်အတွင်းသို့ ဝင်ရောက်ကာ သတင်းအချက်အလက်များကို ခိုးယူခဲ့ခြင်းရှိ မရှိ သိနိုင်ရန်သတင်းထောက်များ၏ ကွန်ပျူတာဖိုင်များကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေခဲ့သည်။ **အင်တာနက်။**

# ရေလုပ်သားများ၏ရိုက်နှက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်၌ ပင်လယ်ဓားပြဟုယူဆရသူ ၁၀ ဦးသေ

**ဒါကာ ဒီဇင်ဘာ ၁၅**

အမျက်ထွက်လျက်ရှိသော ရေလုပ်သားလူအုပ်ကြီး၏ ရိုက်မောင်းပုတ်မောင်းလုပ်မှုကြောင့် ပင်လယ်ဓားပြအဖြစ် ယူဆရသူ ၁၀ ဦးသေဆုံးခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ပင်လယ်ဓားပြအဖြစ် သံသယရှိသူများသည် ဘင်္ဂလားဒေ့ရှ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့စဉ် ဒဏ်ရာများရရှိထားကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရသိရသည်။

ဒဏ်ရာရရှိထားသော ပင်လယ်ဓားပြအဖြစ် ယူဆရသူများအား ရဲစခန်းတစ်ခုသို့ ခေါ်ဆောင်လာစဉ် ဒေါသဖြစ်နေသည့် ရေလုပ်သားရာပေါင်းများစွာတို့က ရဲတပ်ဖွဲ့ဝင်များ လက်မှလုယက်ကာ ထုထောင်းရိုက်ပုတ်ခဲ့ကြသောကြောင့် ၎င်းတို့အားလုံး သေဆုံးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် ယင်းဖြစ်စဉ်၌ ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့သည် ရေလုပ်သားအုပ်ကြီး၏ အင်အားကို မလွန်ဆန်သာခဲ့သောကြောင့် ပင်လယ်ဓားပြအဖြစ်ယူဆရသူများ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ တောင်ဘက် ၆၅ မိုင်ခန့်အကွာ ဘိုလာခရိုင်၌ အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

# ပင်လယ်သေ ရေခန်းခြောက်မှုပြဿနာကြောင့် အရှေ့အလယ်ပိုင်း၌ ပဋိပက္ခများ ပိုမိုမြင့်မားလာနိုင်

နယူးယောက် ဒီဇင်ဘာ ၁၅

**သိပ္ပံပညာရှင်များ၏လေ့လာချက်အရ အစ္စရေးနှင့် ဂျော်ဒန်နိုင်ငံတို့ကို နယ်စည်းခြားပေးထားသော ပင်လယ်သေရေပြင်သည် အနေးနှင့်အမြန်ဆိုသလို ခန်းခြောက်လာဖွယ်ရှိရာ ယင်းသို့ဖြစ်ပွားလာပါက အရှေ့အလယ်ပိုင်းဒေသ၏ အတိမ်းအစောင်းမခံသည့်နိုင်ငံရေးအခြေအနေများ ပိုမိုဆိုးရွားလာမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၂ ရက်သတင်းများတွင် ဖော်ပြထားသည်။**

သိပ္ပံပညာရှင်များသည် ပင်လယ်သေရေပြင် ရေအောက်ကြမ်းပြင်မှ ရှေးခေတ်ရွှံ့မြေနမူနာများကို တူးယူလေ့လာခဲ့ရာ ယင်းရေပြင်သည် အတိတ်တစ်ချိန်က လုံးဝခန်းခြောက်ခဲ့ဖူးကြောင်း တွေ့ရှိခဲ့ရသည်။

ယနေ့ကာလတွင်လည်း ပင်လယ်သေနှင့် ဂါလီလဲ ပင်လယ်အတွင်း စီးဝင်သော မြစ်ချောင်းများမှ ရေများကို လူသားတို့က စိုက်ပျိုးရေးလုပ်ငန်းများအတွက် အလွန်အကျွံသုံးစွဲကြခြင်းကြောင့် ပင်လယ်သေရေပြင်သည် တစ်ဖန်ခန်းခြောက်ရမည့် အခြေအနေနှင့် ကြုံတွေ့နေရကြောင်းသိပ္ပံပညာရှင်များက သတိပေးခဲ့သည်။

ယင်းကဲ့သို့ မြစ်ချောင်းများမှ ရေချိုများကို အလွန်အကျွံသုံးစွဲခဲ့ခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသ၏ ရေသံသရာတစ်ခုလုံး ဟန်ချက်ပျက်ယွင်းလာပြီး ဒေသတွင်း၌ ကာလရှည်မိုးခေါင်မှုကို မလွဲမရှောင်သာ ကြုံတွေ့ရနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၌ ရေအရင်းအမြစ်သည် နိုင်ငံရေးပြဿနာများ၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။



မြစ်ချောင်းများမှ ရေချိုများအား စိုက်ပျိုးရေးလုပ်ငန်းများအတွက် အလွန်အကျွံသုံးစွဲမှုကြောင့် ခန်းခြောက်ရမည့် အခြေအနေနှင့် ကြုံတွေ့ရဖွယ်ရှိသော ပင်လယ်သေရေပြင်ကို တွေ့ရစဉ်။

သို့ရာတွင် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပင်လယ်သေရေပြင်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၂၅၀၀၀ ခန့် ရေခဲခေတ်များ၌ ခန်းခြောက်ခဲ့ဖူးကြောင်း သိသာထင်ရှားရာ မိုးခေါင်ရေရှားကပ်ဘေးသည် ယနေ့ခေတ် အရှေ့အလယ်ပိုင်းဒေသအတွက် အလွန်အန္တရာယ်ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက တွေးဆကြသည်။

လေ့လာတွေ့ရှိချက်များအရ ပင်လယ်သေရေပြင်သည် တစ်ချိန်ချိန်၌ ခန်းခြောက်သွားနိုင်ဖွယ်ရှိရာ ယခင် ကြိုတင်ခန့်မှန်းထားပြီးဖြစ်သော အရှေ့အလယ်ပိုင်းဒေသ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တွက်ကိန်းများအား ပြန်လည်ပြင်ဆင်ရန်လိုကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**အင်တာနက်။**



# လွတ်လပ်စွာကုန်သွယ်ရေး ဆွေးနွေးပွဲ ကနေဒါနှင့် အိန္ဒိယ စတင်ပြုလုပ်

**အော်တဝါ ဒီဇင်ဘာ ၁၅**

ကနေဒါနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်ရေး တတိယအကျော့ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ရက်တွင် စတင်ကြောင်း ကနေဒါကုန်သွယ်ရေးဝန်ကြီး၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကနေဒါနိုင်ငံသည် အာရှတိုက်သို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အိန္ဒိယနိုင်ငံအပြင် ဂျပန်နိုင်ငံနှင့်လည်း ကုန်သွယ်ရေးဆက်ဆံမှုမြှင့်တင်ရန် မျှော်မှန်းသည်။

ကနေဒါနှင့် အိန္ဒိယနိုင်ငံတို့သည် ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုများပြုလုပ်သွားရန် ရည်မှန်းကြောင်း ကနေဒါ ကုန်သွယ်ရေးဝန်ကြီး အက်ဒ်ဖက်စ်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကြေညာချက်ထုတ်ပြန်သည်။ ကနေဒါ ကုန်သွယ်ရေးဝန်ကြီးသည် ဂျီနီဗာမြို့၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညီလာခံသို့ တက်ရောက်လျက်ရှိသည်။

ကနေဒါနှင့် အိန္ဒိယနိုင်ငံတို့၏ ကုန်သွယ်ရေးဆွေးနွေးပွဲများကို လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် စတင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲများပြီးဆုံးရန် ရည်မှန်းထားကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**

# Nippon Foundation နှင့် မြန်မာနိုင်ငံအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် Nippon Foundation ဥက္ကဋ္ဌ Mr. Yohei Sasakawa သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့ တွေ့ဆုံစဉ် Nippon Foundation နှင့် မြန်မာနိုင်ငံအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

(သတင်းစဉ်)

## လာရောက်တွေ့ဆုံ



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျပန်နိုင်ငံ တိုကျိုမြို့ အခြေစိုက် Nippon Foundation ဥက္ကဋ္ဌ Mr. Yohei Sasakawa လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ပျဉ်းမနား ဒီဇင်ဘာ ၁၅**

၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မင်္ဂလာကန်တော်ခန်းမ၌ ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်၊ ဒုတိယညွှန်ကြားရေးမှူး (ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်) ဒေါက်တာခင်ဥမ္မာစံ၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ ခရိုင်နှင့် မြို့နယ်ရှစ်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ နေပြည်တော်ကောင်စီဝင် ဒေါက်တာ ပိုင်စိုး၊ ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းမောင်နှင့် နေပြည်တော်ပညာရေးမှူး ဦးမြင့်ဦးတို့က အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပြီး ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(၅၈၆)

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ ရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဧပြီလမှ နိုဝင်ဘာလကုန်အထိ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေအား ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အလုံသဘော်ကျင်း ဧရာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများ၊ ဌာနခွဲမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူးက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဧပြီလမှ နိုဝင်ဘာလကုန်အထိ လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု၊ ဌာနခွဲအလိုက် ဝင်ငွေနှင့် အသုံးစရိတ်များ၊ ဌာနခွဲအလိုက် ဝင်ငွေ၊ အသုံးစရိတ်၊ အရှုံး/အမြတ်ရရှိမှု၊ လျာထားနှင့် အမှန်ဝင်ငွေ ရှာဖွေနိုင်မှု၊ ရေယာဉ်ပြင်ဆင်ခြင်းနှင့် ရေယာဉ်သစ်များ တည်ဆောက်မှု တို့ကို ရှင်းလင်းပြောကြားပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကုန်တွင် လျာထားချက်များ ပြည့်မီကျော်လွန်စေရေးအတွက် ဝန်ထမ်းတိုင်းက ဌာနချစ်စိတ်မွေးမြူ၍ ကျရာကဏ္ဍမှ ရိုးသားစွာဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန်၊ ဝန်ကြီးဌာန၏ ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်အံ့ ဆောင်ပုဒ်နှင့်အညီ ကြိုးစားလုပ်ကိုင်ကြရန်၊ ဝန်ထမ်းများအနေဖြင့် ဌာနအကျိုး၊ ပြည်သူ့အကျိုးတို့ကို စိတ်သစ်၊ လူသစ်၊ အတွေးအခေါ်သစ်များဖြင့် ဆတက်ထမ်းပိုး အားကြိုးမာန်တက်ထမ်းဆောင်ရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အလုံသဘော်ကျင်းတွင် ရေယာဉ်များ၊ တွဲယာဉ်များ အသစ်တည်ဆောက်နေမှု၊ ရေယာဉ်၊ တွဲယာဉ်များ လွန်းတင်ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဧပြီလမှ နိုဝင်ဘာလကုန်အထိ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေအား ရှင်းလင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# သီပေါမြို့ဗုဒ္ဓမြတ်စွယ်တော် မြို့နယ်အတွင်း ကျေးရွာနှင့် ရပ်ကွက်များသို့ ပင့်ဆောင်

**သီပေါ ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက် အတွင်းရှိ ဗုဒ္ဓစွယ်တော်တိုက်တွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် လွန်ခဲ့သော နှစ်ပေါင်း (၁၁၉) နှစ်က စော်ဘွားကြီး စောကြာခိုင် သီဟိုမှ ပင့်ဆောင်ခဲ့သော ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီလှည့်လည် အပူဇော်ခံရေး ပင့်ဆောင်ခြင်းမင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီက အောင်မင်္ဂလာဘိုးတော် ကျောင်းတိုက်၌ ကျင်းပရာ သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်မှ မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးအတိုင်း ဒေသစာရီကြွချီပြီး ဆွတ်လန်းကျေးရွာ၊ နမ့်အွန်ကျေးရွာနှင့် ကုန်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်းများ၌ အပူဇော်ခံရာ ဗုဒ္ဓနွယ်ဝင်ဒေသခံတိုင်းရင်းသားများက လာရောက်ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ သီပေါမြို့ပေါ်ရှိ ရပ်ကွက် ၁၁ ရပ်ကွက်နှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များသို့ လှည့်လည် အပူဇော်ခံခဲ့ကြောင်း သိရသည်။

(၂၄၇)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၁၆-၁၂-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "အနေလည်းပျော် အသေလည်းပျော်" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)]
- ၆း၃၀ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင် ဦးဇိနစေတီ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၀)**
- ၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၄)
- ၈း၅၅ သီတဂူစက္ခုဒါနဆေးရုံဖွင့်ပွဲနှင့် သီတဂူစက္ခုဒါနမျက်စိအလင်းလှူပွဲအခမ်းအနား
- ၉း၁၅ မီးရထားစက်ရုံမြစ်ငယ်ရဲ့ ထူးခြားတဲ့ကထိန်အလှူတော်
- ၉း၂၀ Activities In The City
- ၉း၃၅ Movie Talk
- ၁၀း၀၀ မန္တလာမြေမှ မဟာဗောဓိ ကမ္မဋ္ဌာန်းတိုက်၏မြတ်သော အလှူတော်
- ၁၀း၁၅ Fashion Week (တော်ဝင်သူ) (အပိုင်း-၁)
- ၁၀း၅၀ "MISS MOEYAN 2011" ရွေးချယ်ပွဲအခမ်းအနား
- ၁၁း၁၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အားအားယားယား"
- ၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၁)**
- ၁၂း၂၀ စေတနာသဒ္ဓါတရားများဖြင့် လှူဒါန်းကထိန်မြတ်သင်္ကန်း
- ၁၂း၃၅ ဖွံ့ဖြိုးတိုးတက်ခဲ့လေပြီ. . . ကံသာယာတောင်စုကျေးရွာဆီ. .
- ၁း၀၀ "အနေလည်းပျော် အသေလည်းပျော်" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅၇)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၀)**
- ၅း၀၅ Activities In The City
- ၅း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၁)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၅၈)**
- ၇း၁၅ The Champion of Dance
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၅)
- ၈း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၁၁)**
- ၉း၃၀ Miss Now How 2011 (LIVE)
- ၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၂)**
- ၁၂း၁၀ Quiz Idol
- ၁၂း၄၀ အနုပညာမိုးကောင်းကင်
- ၁း၀၀ ကြည်လင်သောရေ၏လျှို့ဝှက်ချက်
- ၁း၁၅ Intellectual Talk
- ၁း၅၅ ရွှေမန္တလေးမှ ရွှေပန်းထိမ်
- ၂း၀၅ ဂီတသရုပ်ပြခန်း (ထက်နေကြည်)
- ၂း၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၂း၄၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၃း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)
- ၄း၂၀ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၄း၂၅ 'ကြက်သွန်'စိုက်ပျိုး ဖြစ်ထွန်းအောင်မြင် ဆိပ်ဖြူမြို့တစ်ခွင်
- ၄း၄၀ သာသနာ့အကျိုးရွက်သယ်ပိုးကာ စံပြုထိုက်ရာ "သကျမိတာ"
- ၅း၀၀ အစီအစဉ်ပြီး။

# မှုခင်းသတင်းများ — မှုခင်းသတင်းများ

## ကျပ် သိန်း ၈၀ ကျော် တန်ဖိုးရှိ ပစ္စည်းများခိုးယူမှု ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**တောင်ငူ ဒီဇင်ဘာ ၁၅**

ဒီဇင်ဘာ ၅ ရက် ညနေ ၅ နာရီတွင် တောင်ငူမြို့ အမှတ် (၁၄)ရပ်ကွက်နေ ဒေါက်တာ ဘဆွေသည် နေအိမ်ဧည့်ခန်း၌ တင်ထားသော ကွန်ပျူတာ Laptop အား ကြည့်ရာ မတွေ့သဖြင့် နေအိမ်အတွင်း လိုက်လံရှာဖွေရာမှ ကွန်ပျူတာ Laptop(Surguifri) အမျိုးအစားတန်ဖိုး သုံးသိန်းခွဲခန့်အပြင် တန်ဖိုးငွေကျပ် ၂၂ သိန်းခန့်တန် စိန်လက်ကောက် တစ်ကွင်း၊ တန်ဖိုး ကျပ် ၂၃ သိန်းခန့်တန် စိန်ဆွဲကြိုး တစ်ကုံး၊ အလေးချိန် သုံးရတီခန့် တန်ဖိုး ကျပ် ၃၅ သိန်းခန့်တန် စိန်နားကပ်တစ်ရန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၈၀ ကျော်ဖိုးရှိ လက်ဝတ်ရတနာပစ္စည်းများ ပျောက်ဆုံးနေကြောင်း တွေ့ရှိခဲ့သည်။

အမှုကို အမှတ်(၂) ရဲစခန်းမှူးနှင့် နယ်ထိန်းအဖွဲ့များ၊ အမှုစစ်အရာရှိများ ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ချက်အရ မသင်္ကာသူ ကောင်းထက်ကျော်၊ (၄)ရပ်ကွက် တောင်ငူမြို့၊ စိုးအုပ်လျှံ၊ (၁၃)ရပ်ကွက်၊ ညဏ်လင်းထွဋ် (ခ) အောင်အောင်၊ (၄)ရပ်ကွက်နေသူတို့အား ဒီဇင်ဘာ ၆ ရက်တွင် ဖမ်းဆီးစစ်ဆေးခဲ့သည်။

ကောင်းထက်ကျော်၏ ထွက်ဆိုချက်အရ ၎င်း၏နေအိမ်နောက်ဖေး ခြံစည်းရိုးအနီး မြေကြီးထဲတွင် မြှုပ်ထားသော စိန်ဆွဲကြိုးတစ်ကုံးနှင့် စိန်နားကပ်တစ်ရန်၊ ညဏ်လင်းထွဋ်(ခ) အောင်အောင်၏ ထွက်ဆိုချက်အရ ၎င်း၏နေအိမ်မီးဖိုချောင်အောက်တွင် ဝှက်ထားသော စိန်လက်ကောက် တစ်ရန်၊ စိုးအုပ်လျှံ၏ ထွက်ဆိုချက်အရ ၎င်း၏ နေအိမ်အတွင်းမှ Laptop ကွန်ပျူတာ တစ်လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၇၈)

# စိုက်ပျိုးစရိတ် ထုတ်ချေး

**ပျဉ်းမနား ဒီဇင်ဘာ ၁၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးသီးနှံ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုမှ ရွာသာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသို့ စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က မြောက်လွတ်ကုန်းကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ရာ တာဝန်ရှိသူများက ချေးငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် ချေးငွေစည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီတွင် မတ်ပဲသီးနှံ ၈၁၃ ဧက စိုက်ပျိုးရေးအတွက် အသင်းဝင်တောင်သူ ၁၄၀ တို့အား ချေးငွေ ၁၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၅၈၆)

# လိုင်းကားနှင့် ကျောင်းကြိုပို့ယာဉ် တိုက်မိ ကျောင်းသူနှစ်ဦး ဒဏ်ရာရ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်း လမ်းဆုံ၌ ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဦးတင်ဝင်း မောင်းနှင်သော မထသ(၃၅) လိုင်းမှ အီစူးဇူးဘတ်စ်ခရီးသည်တင်ယာဉ်နှင့် ဦးခင်အောင် မောင်းနှင်သော လိုက်ထရပ် ကျောင်းကြိုပို့ယာဉ်တို့ တိုက်မိသဖြင့် ကျောင်းကြိုပို့ယာဉ်တိမ်းမှောက်၍ ယာဉ်နှစ်စီးလုံး ထိခိုက်ပျက်စီးကာ ကျောင်းသူနှစ်ဦး ဒဏ်ရာရရှိသွားသည်။

ကျောင်းကြိုပို့ယာဉ်ပေါ်ပါ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မ----- မှာ ရင်ဘတ်အောင့်၊ ဝဲတင်ပါးနာ၊ ယာခြေမျက်စိပွန်းဒဏ်ရာနှင့် ဆဋ္ဌမတန်းကျောင်းသူ မ---- မှာ နောက်စေ့ဖု၊ ခါးပွန်းဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန၌ ကုသခဲ့ရသည်။

ယာဉ်တိုက်မှုကို လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့စခန်း၌ (ပ) အမှတ် (၂၉၄/၁၁) ပုဒ်မ ၃၃၇/၂၇၉ အရ ယာဉ်မှုစစ်အရာရှိ ဒု-ရဲအုပ်သက်ဆွေက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ ကျောင်းကြိုပို့ယာဉ်များသည် ကလေးငယ်များ၏ ဘေးအန္တရာယ်လုံခြုံရေးကိုအထူးဂရုစိုက်သွားရန်လိုသကဲ့သို့ ခရီးသည်တင်လိုင်းကားများအနေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာ၍ ဆင်ဆင်ခြင်ခြင် မောင်းနှင်သင့်ကြောင်း ယာဉ်မှုစစ်အရာရှိတစ်ဦးက အကြံပြုပြောကြားသည်။

(ကိုကြီးသာ)

# ဆေးပညာသတင်းဆန်းများ(၂၁)

**ဒေါက်တာကံညွန့်**

ဒီအပတ် ဆေးပညာသတင်းဆန်းများ တင်ပြရာမှာ ထူးထူးဆန်းဆန်း လူသားတွေမှာ တစ်ခါမျှ မတွေ့ဖူးသေးတဲ့ ဖြစ်ရပ်ဆန်းတစ်ခုနှင့် တင်ပြချင်ပါတယ်။ ဒါကတော့ (၂၂)နှစ်အရွယ် ဘရာဇီးအမျိုးသမီးတစ်ဦးမှာ ရင်သားအသစ်တစ်ခုဟာ ခြေဖဝါးမှာ လာဖြစ်နေတယ်ဆိုတဲ့ သတင်းပါ။ ရင်သားအင်္ဂါနဲ့ပြည့်စုံတဲ့ Nipple, areola tissue နှင့် အမွေးအမှင်အစုံပါတဲ့ (၂)လက်မအရွယ်ရှိတဲ့ ရင်သားတစ်ခုကို ခြေဖဝါးမှာ တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါဟာ ယခုတစ်ကြိမ်မှာ ပထမဆုံးဖြစ်တယ်လို့ သိရပါတယ်။ ယခင်တုန်းကတော့ ယင်းလိုရင်သားမျိုးကို ကျောရိုး၊ ရင်ဘတ်၊ မျက်နှာ၊ အင်္ဂါစပ်နားတွေမှာသာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ ယင်းရင်သားကို Supernumerary Breast tissue, Psudomamma လို့ အမည်ပေးလိုက်ကြတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ကိုယ်ခန္ဓာအရေပြားပေါ်မှာ မှဲ့ပေါင်း ၁၀၀ ကျော်လောက်ရှိတဲ့လူတွေဟာ သာမန်လူတွေထက် အသက်ကြီးရင့်ရော်မှုမရှိဘဲ အရိုးအနေနဲ့လည်း ပိုမိုခိုင်မာနိုင်ကြောင်း လေ့လာတွေ့ရှိချက်ဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို လန်ဒန်ဘုရင့်ဆေးကောလိပ်က ဆေးပညာရှင်တစ်စုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။

ကိုယ်ခန္ဓာအရေပြားပေါ်မှာ Mole ခေါ် မှဲ့ပေါင်း ၁၀၀ ကျော်ရှိတဲ့ လူတွေဟာ ပိုအသက်ရှည်နိုင်ပြီး Osteoporosis ခေါ် အရိုးဆတ်ရောဂါဖြစ်ဖို့လည်း သာမန်လူတွေထက် ၅၀ ရာခိုင်နှုန်းပိုနည်းပါးနိုင်ကြောင်း ယင်းလေ့လာချက်က ဖော်ပြထားပါတယ်။ Mole များတဲ့အတွက် Melanoma ခေါ်တဲ့ မှဲ့ကင်ဆာပိုဖြစ်နိုင်ပေမယ့် ယင်းကင်ဆာသာမဖြစ်ခဲ့ရင် သာမန်လူတွေထက် အသက်ပိုရှည်နိုင်တယ်လို့ ဆိုပါတယ်။

ဒါဟာ ဘာကြောင့်လဲဆိုရင် ယင်းလူမျိုးတွေမှာ တွေ့ရတဲ့ DNA ရဲ့ chromosome မှာရှိတဲ့ Telomeres တွေဟာ သာမန်လူတွေထက် ပိုရှည်နေပြီး ယင်းသို့ရှည်နေခြင်းဟာ အသက်ပိုရှည်နိုင်ခြင်း၊ အိုမင်းရင့်ရော်မှုနှေးကွေးနေခြင်းရဲ့ သင်္ကေတလို့ သိရတယ်ဆိုတာ တင်ပြထားကြောင်း အစီရင်ခံလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ အင်္ဂလန်နိုင်ငံကလာတဲ့ သတင်းတစ်ပုဒ်ပါ။ အင်္ဂလန်နိုင်ငံသူ နိုင်ငံသားတွေဟာ လွန်ခဲ့သော နှစ်(၈၀) ၁၉၃၀ လောက်ကထက် အသက် (၂၀)ခန့်ပိုပြီး အသက်ရှည်စွာ နေထိုင်ရလိမ့်မယ်လို့ လေ့လာထားတာကို တင်ပြချင်ပါတယ်။ လွန်ခဲ့တဲ့ နှစ် (၃၀)ကဆိုရင် ယောကျ်ားတစ်ဦးဟာ အသက် (၅၀)နှစ်သာ အသက်ရှည်ခဲ့ပြီး အမျိုးသမီးတစ်ဦးဟာ အသက် (၆၂)နှစ်သာ အသက်ရှည်ခဲ့တယ်လို့ ဆိုပါတယ်။ ယခုဆိုရင် အင်္ဂလန်နိုင်ငံသားတစ်ဦးဟာ အသက် (၇၈)နှစ်ထိနေနိုင်ပြီး အင်္ဂလန်သူတစ်ဦးကတော့ အသက် (၈၂)နှစ်ထိ နှစ် (၂၀) ပိုနေနိုင်ကြတော့မယ်လို့ဆိုပါတယ်။ ဒါဟာ အင်္ဂလန်နိုင်ငံဟာ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုကောင်းမွန်တိုးတက်ခြင်းကြောင့်လို့ ဆိုပါတယ်။ အဓိကပြယုဂ်တစ်ခုကတော့ (၁၉၃၀)နှစ်က (၁)နှစ်အတွင်း မွေးကင်းစကလေး အသေနှုန်းက ၆ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ယခု ၂၀၁၀ ခုနှစ်မှာ သုည ဒသမ ၅ ရာခိုင်နှုန်းပဲရှိတော့တယ်လို့ တင်ပြထားကြောင်းပါခင်ဗျား။

လူ့သက်တမ်း ပိုရှည်စွာနေထိုင်နိုင်ခြင်းနှင့် ပတ်သက်ပြီး အမေရိကန်နိုင်ငံမှာတော့ အမျိုးသားတွေက အသက် ၇၅ ဒသမ ၆ နှစ်အသက်ရှည်ကြပြီး အမျိုးသမီးတွေကတော့ အသက် ၈၀ ဒသမ ၈ နှစ် အသက်ရှည်ကြတယ်လို့ ၂၀၀၇ ခုနှစ် စစ်တမ်းက ဆိုပါတယ်။ ပြင်သစ်နိုင်ငံကတော့ အမျိုးသား အသက် ၇၇ ဒသမ ၄ နှစ်၊ အမျိုးသမီး အသက် ၈၄ ဒသမ ၄ နှစ်ထိ သက်တမ်းရှိတယ်လို့ ဆိုပါတယ်။ လောလောဆယ် လူ့သက်တမ်းထိပ်ဆုံးကဖြစ်နေတဲ့ နိုင်ငံဖြစ်တဲ့ ဂျပန်ကတော့ အမျိုးသားအသက် ၇၉ ဒသမ ၂ နှစ်နဲ့ အမျိုးသမီး အသက်(၈၆)နှစ်ကို လေ့လာတွေ့ရှိထားကြောင်း တစ်ပါတည်း တင်ပြလိုက်ရပါတယ်။

အမေရိကန်နိုင်ငံရဲ့ လေ့လာချက်စာတမ်းတစ်ခုမှာတော့ အမေရိကန်နိုင်ငံသားတွေ သက်တမ်းတိုနေရတာဟာ အဝလွန်ခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အရက်သောက်ခြင်း အထူးသဖြင့် အမျိုးသမီးတွေရဲ့ ဆေးလိပ်၊ အရက်သောက်သုံးခြင်းကြောင့်လို့ ထောက်ပြထားပါတယ်။ အဝလွန်ခြင်းဟာလည်း စောစောသေဆုံးရခြင်းအကြောင်းရဲ့ ငါးပုံ တစ်ပုံမှ သုံးပုံ တစ်ပုံထိ ဖြစ်ရတယ်လို့ ဒီလေ့လာချက်ကို ပြုလုပ်ခဲ့တဲ့ Philadelphia ပြည်နယ် Pennsylvania တက္ကသိုလ်က ပါမောက္ခ Dr. Samvel က ထောက်ပြထားပါတယ်။

ခေတ်မီတဲ့ ဆေးပညာနဲ့ ဆေးဝါးများ ရရှိနိုင်မှုတိုးတက်တဲ့ ဆေးပညာစောင့်ရှောက်မှုချင်းတူပေမယ့် စားသောက်နေထိုင်ပုံစံစနစ် ကွာခြားမှု၊ ဆေးလိပ်၊ အရက်သောက်သုံးမှု နည်းလာမှု၊ ကိုယ်လက်လှုပ်ရှားမှု ရှိမှု၊ နေထိုင်မှုပုံစံပြောင်းလဲမှုက ဂျပန်နိုင်ငံမှာ ပိုအသက်ရှည်နေရခြင်းဖြစ်တယ်လို့လည်း သိရကြောင်းပါခင်ဗျား။

နောက်တင်ပြချင်တဲ့ ဆေးပညာသတင်းတစ်ခုကတော့ ဦးနှောက်မှာဖြစ်တတ်တဲ့ အမေ့လွန်ရောဂါ Alzheimer's ရောဂါရဲ့ ထက်ဝက်လောက်က ကာကွယ်လို့ ရနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီရောဂါဟာ အမေရိကန်နိုင်ငံက အသက်(၆၀)ကျော်အရွယ် လူပေါင်း ၂ ဒသမ ၉ သန်းခန့် ခံစားနေရတဲ့ရောဂါပါ။

ယခု ဒီရောဂါကို ထက်ဝက်ခန့် လျှော့ချနိုင်အောင် ကာကွယ်နိုင်တော့မယ်ဆိုတာကို အမေရိကန်နိုင်ငံ University of Califonia, San Fransico ဆေးကောလိပ်မှ ဆေးပညာရှင်တစ်စုရဲ့ လေ့လာတွေ့ရှိချက်ကို The Lancet Neurology ဂျာနယ်မှာ ဖော်ပြထားတာဖြစ်ပါတယ်။

၎င်းတွေ့ရှိချက်အရ ယင်း Alzheimer ရောဂါဖြစ်ရတဲ့ အခြေခံအကြောင်းတွေထဲမှာ ငယ်စဉ်ကပဲ ပညာရည်နိမ့်ကျမှု၊ ကိုယ်လက်လှုပ်ရှားခြင်းနည်းပါးမှု၊ ဆေးလိပ်၊ အရက်သောက်သုံးမှု၊ အာဟာရချို့တဲ့မှု၊ စိတ်ဓာတ်ကျလွယ်မှု၊ သွေးတိုး၊ ဆီးချိုရောဂါနဲ့ အဝလွန်မှုတွေက ယင်းရောဂါဖြစ်ခြင်းရဲ့ ၅၁ ရာခိုင်နှုန်းခန့်ဖြစ်တယ်လို့ သိရပါတယ်။

ဒါကြောင့် ဒီအခြေအနေမျိုးတွေကိုသာ အသက်ငယ်ရွယ်စဉ်ကပဲ အနေအထိုင် အစားအသောက်ပုံစံ ပြောင်းလဲပြီး ကြိုတင်ကာကွယ်ထားနိုင်မယ်ဆိုရင် ဒီရောဂါဖြစ်ပွားနှုန်းကို ၅၄ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မယ်လို့ တင်ပြထားပါတယ်။

နောက် ယင်း Alzheimer ရောဂါနှင့်ပတ်သက်နေတဲ့ သတင်းတစ်ပုဒ်ကတော့ စပျစ်သီးရဲ့ အစေ့မှာပါတဲ့ Polyphemol Antioxidant ဓာတ်ဟာ Alzheimer ရောဂါကို ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ ဒါကို ဝါရှင်တန်မြို့ Mount Sainai ဆေးပညာကောလိပ်က ဆေးပညာရှင်တစ်စုက တွေ့ရှိခဲ့တာဖြစ်ပြီး The Journal of Alzheimer's Disease မှာ ဖော်ပြခဲ့ကြတာဖြစ်ပါတယ်။ ၎င်းတို့ရဲ့ တွေ့ရှိချက်အရ စပျစ်သီးအစေ့မှာပါတဲ့ Polyphemol ဓာတ်ဟာ ဦးနှောက်ကို အဆိပ်အတောက်ဖြစ်စေတဲ့ Amyloid (A) Peptide ဓာတ်ကို ချေဖျက်နိုင်စွမ်းရှိတယ်လို့ တင်ပြထားကြပါတယ်။ ယခင်တုန်းကပဲ Red Wine ကို တာရှည်စွာ သုံးစွဲခဲ့တဲ့ လူတချို့မှာ ဒီရောဂါက အတော်အတန်ကာကွယ်နိုင်ခဲ့တာဟာ Red Wine မှာပါတဲ့ စပျစ်သီးရဲ့ အစွမ်းကြောင့်လို့ ထောက်ပြထားကြကြောင်း တင်ပြလိုက်ရပါတယ်။

Vitamin E ဟာ သက်ကြီးရွယ်အိုတွေအတွက် ပိုအသက်ရှည်နိုင်တယ်လို့ ဖင်လန်နိုင်ငံ Helsinki တက္ကသိုလ်က ဆေးပညာရှင်တစ်စုရဲ့ လေ့လာချက်ကိုလည်း ဖော်ပြလိုပါတယ်။ ၎င်းတို့ဟာ ၁၉၈၅ ခုနှစ်မှ ၁၉၉၃ ခုနှစ်ထိ အသက် (၆၅)နှစ်အထက် လူပေါင်း ၁၀၀၀ ကျော်ကို သုတေသနပြုလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

၎င်းတို့ရဲ့ လေ့လာချက်အရ အသက် (၆၅)နှစ်မှ (၇၀)နှစ်အရွယ်အတွက်မှာတော့ Vitamin E သောက်သုံးမှုဟာ အသက်ပိုရှည်ခြင်းကို ၂၄ ရာခိုင်နှုန်းခန့် အထောက်အကူပြုနိုင်တယ်လို့ ထောက်ပြထားကြောင်း တင်ပြလိုက်ရပါသည်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဗိုက်အဆီကျဖို့ လေ့ကျင့်ခန်းလုပ်ရာမှာ လမ်းမြန်မြန်လျှောက်ခြင်းဟာ အလေးမလေ့ကျင့်ခန်းလုပ်ခြင်းထက် ပိုမိုကောင်းမွန်တယ်ဆိုတဲ့အကြောင်းပါပဲ။ လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်းဟာ ဗိုက်ထဲက အင်္ဂါအစိတ်အပိုင်းရဲ့ အနားပတ်ဝန်းကျင်မှာရှိတဲ့ အဆီတွေကို သိသိသာသာ လျော့နည်းသွားစေပြီး အလေးမခြင်းကတော့ ယင်းအဆီတွေကို လျော့သွားနိုင်စွမ်းမရှိဘူးလို့ ဆိုပါတယ်။ ဒါကို လေ့လာတွေ့ရှိခဲ့တာကတော့ အမေရိကန်နိုင်ငံ Duke University Medical Research Centre မှ ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဗိုက်ထဲမှာရှိတဲ့ အသည်း၊ အစာအိမ်၊ အူတို့ ပတ်ဝန်းကျင်မှာရှိတဲ့ အဆီတွေကို နည်းသွားအောင်လုပ်နိုင်မှသာ နှလုံးရောဂါ၊ ဆီးချိုရောဂါနဲ့ လေဖြတ်ရောဂါတွေက ကာကွယ်နိုင်မှာဖြစ်ကြောင်း တင်ပြထားပါတယ်။

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ လူခန္ဓာကိုယ်ရဲ့ သွေးထဲမှာရှိတဲ့ Good Cholestrol လို့ခေါ်တဲ့ High Density Lipoprotein (HDL) အကျိုးပြုအဆီဓာတ်များအောင် သောက်ရတဲ့ ဆေးတစ်မျိုးဖြစ်တဲ့ Torcetrapib ခေါ်တဲ့ဆေးဟာ ဆီးချိုရောဂါရှင်တွေမှာ သွေးချိုရောဂါထိန်းဖို့အတွက် အထောက်အကူအလွန်ပြုနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီတွေ့ရှိချက်ကို Australia နိုင်ငံ Sydney ဆေးတက္ကသိုလ်မှ ဆေးပညာရှင်တစ်စုက လေ့လာတွေ့ရှိခဲ့တာဖြစ်ပြီး Journal of American Heart Association ဂျာနယ်မှာ ဖော်ပြထားတာ ဖြစ်ပါတယ်။

Bad Cholestrol လို့ခေါ်တဲ့ အကျိုးမပြုတဲ့ အဆီဓာတ် Low Density Lipoprotein (LDL) ကို နည်းစေနိုင်တဲ့ Statin ဆိုတဲ့ ဆေးနှင့် ဒီ Torcetrapib ဆေးကိုတွဲပြီး စားသုံးပါက သွေးချိုကျနှုန်း ပိုထိရောက်စေပြီး ယင်း Statin ဆေးကို ရိုးရိုး Vitamin ဆေးတစ်မျိုးနှင့် တွဲသုံးတဲ့လူတွေမှာ ယင်းကဲ့သို့ သွေးချိုကျသွားတာ မတွေ့ရဘူးလို့ သူတို့ရဲ့လေ့လာချက်မှာ ဖော်ပြထားကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

## အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်ဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

**အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်ဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌက ပထမအကြိမ် ဒုတိယပုံမှန်အစည်းအဝေးတွင် ကတိပြုခဲ့သော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ တာဝန်ရှိသူများက ပထမအကြိမ် ဒုတိယပုံမှန်အစည်းအဝေးတွင် ကတိပြုခဲ့သော မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်း၍ ဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



### အမှာစကားပြောကြား

**အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်ဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ဗီယက်နမ်နိုင်ငံတောင်ပိုင်း ပင်လယ်ပြင်တွင် အပူပိုင်းမုန်တိုင်းငယ် အားပျော့ပျက်ပြယ်

နေပြည်တော် ဒီဇင်ဘာ ၁၅

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။

**ထူးခြားသည့်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် (၀၉း၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဗီယက်နမ်နိုင်ငံတောင်ပိုင်း၊ ကန်ဆန်ကျွန်း၏တောင်ဘက် ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။


## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု

* လူငယ်ဘဝသည် ပူပင်၊ ကြောင့်ကြမှုကင်းသဖြင့် စိတ်လက်ပေါ့ပါးစွာ ပျော်ပျော်ရွှင်ရွှင်နေနိုင်သည်။
* အနာဂတ်အိပ်မက်များကို သာယာလှပစွာ ဖန်တီးဖော်ဆောင်နိုင်သည်။
* မိမိ၏တန်ဖိုးရှိလှသော လူငယ်ဘဝကို မပျက်စီး၊ မဆုံးရှုံးစေရအောင် မူးယစ်ဆေးဝါးကို လုံးဝ ရှောင်ကြဉ်ပါ။ ဆေးလိပ်လုံးဝ စမ်းမသောက်ပါနှင့်။
* မူးယစ်ဆေးဝါးသားကောင်များ၏ ဘဝပျက်စီးရပုံကို ရုပ်ရှင်၊ ဗီဒီယိုများ၊ စာအုပ်၊ စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများတွင် သင်ခန်းစာယူပြီး လူငယ်အချင်းချင်း အသိပညာမျှဝေပေးပါ။
* ဝိသမလောဘသားများ၏ ဖြားယောင်းသွေးဆောင်မှုများကို နားမယောင်ပါနှင့်။ မယုံကြည်ပါနှင့်။
* စာပေလေ့လာခြင်း၊ ကစားခုန်စားပြုလုပ်ခြင်း စသည်ဖြင့် မိမိ၏ အားလပ်ချိန်ကို အကျိုးရှိရှိ အသုံးချပါ။
* မူးယစ်ဆေးစွဲသူလူငယ်များ၊ သူငယ်ချင်းများနှင့် လုံးဝမပေါင်းသင်းပါနှင့်။
* လမ်းမှားရောက်နေသူ လူငယ်များ၊ သူငယ်ချင်းများ၏ မိဘ၊ ဆရာ၊ ပတ်ဝန်းကျင်ကို အသိပေးတိုင်ပင်၍ လမ်းမှန်ရောက်အောင် ဝိုင်းဝန်းတည့်မတ်ကူညီပေးပါ။

**ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့.**
**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့.**

# အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေးနှင့် သုတေသနလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်





**နေပြည်တော် ဒီဇင်ဘာ ၁၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဒီဇင်ဘာ ၁၃ ရက်တွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)စုဝေးခန်းမ၌ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ ဝန်ကြီးဌာန၏ အဓိက ရည်မှန်းချက်ဖြစ်သည့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ဖော်ဆောင်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန်၊ ICT နည်းပညာကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံအများအပြား ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီး ICT Outsourcing များနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးရယူနိုင်လျက်ရှိရာ ထိုအခြေအနေများကို မိမိတို့ကလည်း အားကျအတုယူ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။**(ဓါတ်ပုံ)**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)၏ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ စာကြည့်တိုက်များ၊ အလုပ်ရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆရာ၊ ဆရာမများ နေထိုင်ဆောင်များ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရစာပေပညာရှင်များနှင့် တွေ့ဆုံခြင်း

**တွေ့ဆုံမေးမြန်း - မျိုးထွန်း၊ ဇော်မင်းအောင်(၁၀၇) ➢ ဓာတ်ပုံ - မောင်မောင်သန့်၊ ခင်မောင်ဝင်း**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ဒီဇင်ဘာ ၁၃ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ကြေးမုံသတင်းအဖွဲ့က သက်ဆိုင်ရာ စာရေးဆရာများထံသို့ သွားရောက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဆက်လက်ဖော်ပြလိုက်ပါသည်။

### မြန်မာလူငယ်တစ်စု၏ ဗြိတိသျှအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ စစ်မျက်နှာသို့ လျှို့ဝှက်ခရီး

ဆရာကိုသန်း(ကြည့်မြင်တိုင်)အား ၎င်းနေထိုင်သည့် စမ်းချောင်းမြို့နယ် နေအိမ်သို့ သွားရောက်တွေ့ဆုံမေးမြန်းရာတွင် ယခုပထမဆုံးအကြိမ်အဖြစ် အမျိုးသားစာပေဆုကို ရရှိခြင်းဖြစ်ကြောင်း၊ ယနေ့အထိ ရေးသားထုတ်ဝေပြီး စာအုပ်များမှာ နိုင်ငံတော်လုပ်ကြံမှု၊ နိုင်ငံရေးအတွေ့အကြုံ(၁)၊ နိုင်ငံရေးအတွေ့အကြုံ(၂)၊ ယခုအမျိုးသားစာပေဆုရ စာအုပ်နှင့် အပြီးသတ်မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ စာအုပ်များဖြစ်ကြောင်း၊ ယခုအမျိုးသားစာပေဆုရ စာအုပ်ကို ၁၉၄၈ ခုနှစ်မှ စတင်ရေးသားခဲ့ရာ ၁၉၇၅ ခုနှစ်ရောက်မှ ရေးသားခြင်းပြီးမြောက်ခဲ့ကြောင်း၊ ယခုစာအုပ်ကို မိမိကိုယ်တိုင် သက်စွန့်ဆံဖျားလုပ်ခဲ့ရသည့် ကိုယ်တွေ့အတွေ့အကြုံများကို လူငယ်များ၊ စာပေလေ့လာသူများ သိရှိခံစားနိုင်စေရန် ရည်ရွယ်ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၄၉ ခုနှစ်မှ ၁၉၅၀ ခုနှစ်အထိ ပြည်ထောင်စုအသံနေ့စဉ်တွင် အယ်ဒီတာချုပ်နှင့် ၁၉၅၁ ခုနှစ်တွင် ပြည်သူ့ဂျာနယ်၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ် လုပ်ကိုင်ခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ယခုကဲ့သို့ နိုင်ငံတော်အစိုးရမှ အမျိုးသားစာပေဆု ချီးမြှင့်သည့်အတွက် ကျေးဇူးတင်ကြောင်းဖြင့် ဆက်လက်ပြောကြားသည်။

ကိုသန်း(ကြည့်မြင်တိုင်)မှာ ရန်ကုန်ဇာတိဖြစ်ပြီး အသက် (၈၅)နှစ်ရှိကာ အဖ ဦးလှသော်၊ အမိ ဒေါ်တင်ညွန့်တို့မှ မွေးချင်းလေးယောက်တွင် အကြီးဆုံးသားဖြစ်သည်။ ဇနီး



*နိုင်ငံရေးစာပေ အမျိုးသားစာပေဆုရ စာရေးဆရာကြီး ကိုသန်း(ကြည့်မြင်တိုင်)။*

ဒေါ်ခင်ကြည်နှင့် သားသမီးရှစ်ယောက်ရှိပြီး မိသားစုနှင့်အတူ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းမြောက်ရပ်ကွက် ဝေဠုဝန်အိမ်ရာ(၁) တိုက်(၃) အခန်း(၁၆) ၌ နေထိုင်လျက်ရှိကြောင်း သိရှိရသည်။

### ဘူတာရုံကလေးဝတ္ထုတိုစုစည်းမှု

“ဘူတာရုံကလေးဝတ္ထုတို စုစည်းမှု” စာအုပ်ဖြင့် အမျိုးသားစာပေဆုရ စာရေးဆရာ ရဲသျှမ်းက ယခု ပထမဆုံးအကြိမ်အဖြစ် အမျိုးသားစာပေဆုရရှိခြင်းဖြစ်ကြောင်း၊ အခြားစာပေဆုအနေဖြင့် ၂၀၁၀ ခုနှစ် ရွှေအမြုတေရသစာတမ်းဆုကို “ကျွန်တော်အချိန်သူခိုး” အမည်ဖြင့် ရရှိခဲ့ကြောင်း၊ ယနေ့အထိ ရေးသားထွက်ရှိပြီး စာအုပ်သုံးအုပ်ရှိပြီဖြစ်ပြီး ပထမဆုံးဝတ္ထုတိုပေါင်းချုပ်စာအုပ်မှာ ၁၉၉၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် “အသည်းကွဲရှန်တိန်” ဖြစ်ကြောင်း၊ ဒုတိယစာအုပ်ဖြစ်သည့် ဘူတာရုံကလေးဝတ္ထုတိုစုစည်းမှု ဝတ္ထုတိုပေါင်းချုပ်မှာ ယနေ့ အမျိုးသားစာပေဆုရ စာအုပ်ပင်ဖြစ်ကြောင်း၊ တတိယစာအုပ်ကို “သန့်ရှင်းသောရယ်သံများ” အမည်ဖြင့် ထုတ်ဝေခဲ့ကြောင်း၊ စတုတ္ထမြောက် ဝတ္ထုတိုပေါင်းချုပ်စာအုပ်အဖြစ် ၂၀၁၂ ခုနှစ်တွင် “ဖူးတံဝင့်လို့ချီ” အမည်ဖြင့် ထုတ်ဝေရန်စာပေစိစစ်ရေးတွင် တင်ပြထားကာ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ယခုအမျိုးသား စာပေဆုရ စာအုပ်မှာ မိမိယနေ့အထိ ဝတ္ထုတိုပေါင်း အပုဒ် ၁၀၀ ကျော် ရေးသားခဲ့ပြီး အပုဒ် ၇၀ နှင့် ၈၀ အရောက်တွင် ယခုစာအုပ်ကို ဝတ္ထုတို ၁၄ ပုဒ်ဖြင့် ဝတ္ထုတိုပေါင်းချုပ်ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း၊ စာပေနယ်ထဲသို့ ၁၉၇၈ ခုနှစ်တွင် မိုးဝေ မဂ္ဂဇင်း၌ ပွင့်ငုံ . . . ကဗျာဖြင့် စတင်ဝင်ရောက်ခဲ့ကြောင်း၊ ၁၉၈၅ ခုနှစ်ရောက်မှ စပယ်ဖြူမဂ္ဂဇင်းတွင် “လူသစ်တွေ” အမည်ဖြင့် ဝတ္ထုတိုစတင်ရေးသားခဲ့ကြောင်း၊ ထို့နောက်မှ Essay နှင့် စာပေခံစားမှုဆောင်းပါးများကိုလည်း ရေးသားခဲ့ပါကြောင်း၊ မိမိရေးသားခဲ့သည့် ဝတ္ထုတိုများမှာ မိမိလုပ်ငန်း ပတ်ဝန်းကျင်တွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို ယနေ့လူငယ်များနှင့် စာပေလေ့လာသူများ သိရှိနိုင်ရန်အတွက် ရည်ရွယ်ရေးသားထားခြင်းဖြစ်ကြောင်းနှင့် မိမိအနေဖြင့် စာဖတ်ပရိသတ်များနှင့် စာပေလေ့လာသူများအား ပြောကြားလိုသည်မှာ ယဉ်ကျေးမှုမြင့်သည့်နိုင်ငံတိုင်းတွင် ရသစာပေသည်လည်း အဆင့်မြင့်မြင့်၌ ရှိနေကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ယခုကဲ့သို့ နိုင်ငံတော်မှ အမျိုးသားစာပေဆုချီးမြှင့်သည့်အတွက် အထူးကျေးဇူးတင်ဂုဏ်ယူကြောင်းဖြင့် ဆက်လက်ပြောကြားသည်။



*အမျိုးသားစာပေဆုရ စာရေးဆရာ ရဲသျှမ်း။*

စာရေးဆရာ ရဲသျှမ်း၏ အမည်ရင်းမှာ ဦးရဲလွင်ဖြစ်ပြီး အသက်(၅၁)နှစ်ရှိကာ အဖ ဦးကျော်သန်း၊ အမိဒေါ်တင်ညွန့်တို့မှ မွေးချင်းခုနစ်ယောက်တွင် ငါးယောက်မြောက်ဖြစ်သည်။ မန္တလေးဇာတိဖြစ်ပြီး ဇနီး ဒေါ်အေးအေးမြ မိသားစုနှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားဝင်း၌ နေထိုင်လျက်ရှိပြီး မြန်မာ့မီးရထား ဒုတိယရုံပိုင်ချုပ်ဖြစ်ကာ စာပေများကို ဆက်လက်ရေးသားလျက်ရှိကြောင်း သိရသည်။

### အဆိပ်ပိုးသတ်ဆေးလွတ် အသီးအရွက်များစားသုံးနိုင်ရန် ရည်ရွယ်ရေးသားခဲ့



*သုတပဒေသာ အမျိုးသားစာပေဆုရ ဆရာစောငုဝါ(ပျဉ်းမနား)။*

ကြေးမုံသတင်းအဖွဲ့သည် (၂၀၁၀)ခုနှစ် အမျိုးသားစာပေဆု သုတပဒေသာဆုရ (စောငုဝါ-ပျဉ်းမနား)၏ စောငုဝါ သံပရာခြံသို့ ရောက်ရှိပြီး ဆရာ၏ စာပေအတွေ့အကြုံများကို မေးမြန်းခဲ့ရာ ဆရာက ၎င်းသည် အထက်တန်းပြဆရာဘဝမှ အငြိမ်းစားယူပြီး သံပရာပင် နှစ်ပင်မှစပြီး မျိုးပွားကာ စိုက်ပျိုးရေးသမားဘဝ စခဲ့ကြောင်း၊ စိုက်ပျိုးရေးသမားဘဝမှာ တတ်သိပညာ၊ ရရှိသည့်အတွေ့အကြုံများကို လူငယ်များအားမာန်ဖြစ်စေရန် စာရေးသားရင်း ဆုရရှိခဲ့သည့်အတွက် အတိုင်းမသိဝမ်းသာမိကြောင်း ပြောကြားသည်။

ဆက်လက်၍ “ကျွန်တော် စောငုဝါပျိုးဥယျာဉ်ကို ၁၉၉၆ ခုနှစ်က စတင်တည်ထောင်ပြီး ဂျပန်နည်းပညာ (အိုင်အမ်ဇီဝနည်းပညာ)အသုံးပြုစိုက်ပျိုးထုတ်လုပ်ခဲ့ပါတယ်။ အီးအမ်အကျိုးပြုအဏုဇီဝများကို ကျွန်တော့်ပျိုးဥယျာဉ်တွင် မွေးမြူနိုင်ပြီး ၎င်းတို့တိုးပွားများပြားလာရာမှ ယခုအခါ အဆိပ်ပိုးသတ်ဆေးလွတ်စိုက်ပျိုးရေးဥယျာဉ်ခြံအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ ကျွန်တော့်ပျိုးဥယျာဉ်ခြံကို ဂျပန်အီးအမ်ပညာရှင်များနဲ့ မြန်မာစိုက်ပျိုးရေးအဖွဲ့တို့လည်း လာရောက်ကြည့်ရှုသွားပါတယ်။

“ကျွန်တော့်ရည်ရွယ်ချက်ကတော့ အဆိပ်ပိုးသတ်ဆေးလွတ် ပျိုးဥယျာဉ်ခြံများ ပေါ်ပေါက်လာစေဖို့နဲ့ မြန်မာနိုင်ငံသူနိုင်ငံသားများ အဆိပ်ပိုးသတ်ဆေးလွတ် အကျိုးပြုဇီဝများ အသုံးပြုစိုက်ပျိုးထုတ်လုပ်သော အသီးအရွက်သီးနှံများ စားသုံးနိုင်ရန် ရည်ရွယ်ပြီး ရေးသားခဲ့ခြင်းဖြစ်ပါတယ်” ဟု ပြောကြားသည်။

ဆရာစောငုဝါ (ပျဉ်းမနား) ရေးသားထုတ်ဝေပြီးသည့် စာအုပ်များမှာ-

(၁) ဟော်လန်သံပရာစိုက်ပျိုးထုတ်လုပ်နည်း (၂၀၁၀)

(၂) ဆေးဖက်ဝင်ပျားမြီးရွက်နှင့် ဆေးဆောင်းပါးများ (၂၀၀၉)

(၃) အဆိပ်ပိုးသတ်ဆေးလွတ် စိုက်ပျိုးလိုသူများအတွက် အိုင်အမ်ဇီဝနည်းပညာအသုံးပြု စိုက်ပျိုးရေး(၂၀၁၀)

(၄) အဆိပ်ပိုးသတ်ဆေးလွတ် စိန်တလုံးသရက် စိုက်ပျိုးထုတ်လုပ်ရေး (၂၀၁၁)

(၅) ပျားမြီးရွက်နှင့် အခြားဆေးဖက်ဝင်အပင်များ (၂၀၁၁)

(၆) အဆိပ်ပိုးသတ်ဆေးလွတ် မာလကာစိုက်ပျိုးထုတ်လုပ်ရေး (၂၀၁၁)တို့ ဖြစ်သည်။

“ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေးခြံသမားဘဝကနေ ရလာတဲ့ အတွေ့အကြုံဗဟုသုတများကို လူငယ်တွေအားမာန် ဖြစ်စေဖို့နဲ့ ပြည်သူများ အဆိပ်ပိုးသတ်ဆေးလွတ် သီးနှံများစားသုံးနိုင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်” ဟု သတင်းအဖွဲ့အားပြောကြားသည်။ ။

## မန္တလေးကုန်စည်ဈေးနှုန်း

(၁၅-၁၂-၂၀၁၁)

| **ရွှေဈေး** | |
|---|---|
| အခေါက်ရွှေ (အဆင့်-၁) | ၆၉၅၀၀၀ |
| အခေါက်ရွှေ (အဆင့်-၂) | ၆၉၃၀၀၀ |
| ရွှေဒင်္ဂါး (ရွှေရည်မီ) | ၆၂၃၀၀၀ |

| **ဆန်ဈေး(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)** | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧည့်မထ(ဟောင်း) | ၂၁၅၀၀ |
| ဧည့်မထ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၄၀၀၀ |
| ဧရာမင်း(ဟောင်း) | ၂၆၀၀၀ |
| သုခ-မတ္တရာ | ၁၃၀၀၀ |
| ရွှေသွယ် | ၁၂၀၀၀ |

| **ဆီဈေး** | |
|---|---|
| ပဲဆီ | ၃၂၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၃၅၀/၂၄၀၀ |
| ပန်းနှမ်းဆီ | ၂၆၅၀/၂၇၀၀ |
| နေကြာဆီ | ၂၃၀၀/၂၄၀၀ |
| မုန့်ညင်းဆီ | ၂၈၀၀/၂၈၀၀ |
| ပဲပုပ်ဆီ | ၁၉၀၀/၂၀၀၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၁၈၃၀/၁၈၄၀ |
| ကြက်ဆူဆီ | ၃၀၀၀ |

| **သကြားဒိုင်ဈေးနှုန်း** | |
|---|---|
| ခါသကြား | ၈၀၀/၈၁၀ |
| ပွတ်သား | ၆၀၀/၆၁၀ |
| ခါရေ | ၃၀၀/၃၁၀ |
| ပေါင်းရေ | ၂၅၅ |

| **ပေါင်းသကြားစက်ရုံဈေး** | |
|---|---|
| ထိပ်စ A | ၁၁၀၀ |
| လတ်စ B | ၁၀၈၀ |
| အောက် C | ၁၀၅၀ |

| **စက်သုံးဆီ** | |
|---|---|
| ရေနံစိမ်း(တစ်စည်)၁၀၅ . ၃၈ ဒေါ်လာ | |
| ဓာတ်ဆီ (တစ်ဂါလန်) | ၂၅၀၀/၄၅၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၄၀၀/၃၆၀၀ |

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ဒါကာသို့ရောက်ရှိ ဘင်္ဂလားဒေ့ရှ်ရေတပ်ဦးစီးချုပ်နှင့် တွေ့ဆုံ၍ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲရေး ဆွေးနွေး

နေပြည်တော် 　 ဒီဇင်ဘာ 　 ၁၅

**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed, (ND), ndc,psc ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီတွင် နေပြည်တော်မှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့သို့ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့ KURMI TOLA လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြသည်။**

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီးတို့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းလွင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးမြင့်သိန်းနှင့် ဇနီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ Naval Admin Authority Dhaka, Commodore A S M Abdul Baten. (E), ndc,psc, BN နှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာသံရုံးမှ ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဒါကာမြို့ရှိ Shikha Anirban သူရဲကောင်းဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်းသည် ဒါကာတပ်နယ်ရှိ ရေတပ်ဌာနချုပ်သို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ရောက်ရှိပြီး ဘင်္ဂလားဒေ့ရှ်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကာ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်းသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed, (ND), ndc, psc နှင့် ၎င်း၏ ရုံးခန်း၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး Mrs. Sheikh Hasina အား ညနေ ၅ နာရီ ၅၅ မိနစ်တွင် ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်း ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ကြပြီး အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြကာ ဖော်ဖြေရေးအဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed, (ND), ndc,psc အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



# ရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်အတွင်း ပျံ့ကျဈေးသည်များအား ချေးငွေများ ထုတ်ချေးပေး

**နေပြည်တော် 　 ဒီဇင်ဘာ 　 ၁၅**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ ဖွဲ့စည်းလျက် ဆင်းရဲသူ ပျံ့ကျဈေးသည်များသို့ ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ကမ်းသာဈေးအတွင်းရှိ ပျံ့ကျဈေးသည်များအား ချေးငွေကျပ် သိန်း၂၀၊ နိုဝင်ဘာ ၂၈ရက်တွင် ဒေးဒရဲမြို့ မြို့မဈေး၌ ငွေကျပ် သိန်း ၃၀၊ လေးမျက်နှာမြို့ အောင်မင်္ဂလာဈေး၌ ငွေကျပ် ၁၅သိန်း၊ ဟင်္သာတမြို့ စခန်းသာဈေး၌ ငွေကျပ် ခြောက်သိန်း၊ ရတနာပုံဈေး၌ ငွေကျပ် ခြောက်သိန်း၊ ငွေးဝင်းဈေး၌ ငွေကျပ် ၁၅သိန်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ကျုံပျော်မြို့ မြို့မဈေး၌ ငွေကျပ် ၁၂ သိန်း၊ တောင်ကြီးဈေး၌ ငွေကျပ် ၁၅ သိန်း၊ အထောင်ဈေး၌ ငွေကျပ် ၁၈ သိန်း၊ ပန်းတနော်မြို့ မြို့မဈေး၌ ငွေကျပ် ၂၀ သိန်း၊ အင်းမကျေးလက်ဈေး၌ ငွေကျပ် ကိုးသိန်း၊ ရေကြည်မြို့ မြို့မဈေး၌ ငွေကျပ် ၁၅ သိန်း၊ အသုတ်မြို့မဈေး၌ ငွေကျပ် ၁၅ သိန်း၊ ဝါးခယ်မမြို့ မြို့မဈေး၌ ငွေကျပ် ၁၅ သိန်း၊ အင်္ဂပူမြို့ မြို့မဈေး၌ ငွေကျပ် ၁၅ သိန်း၊ ထန်းပင်ကုန်းဈေး၌ ငွေကျပ် ၁၅ သိန်း၊ အိမ်မဲမြို့ မြို့မဈေး၌ ငွေကျပ် ၃၄ သိန်း၊ ကမ်းနားဈေး၌ ငွေကျပ် ခြောက်သိန်း၊ ငါးသိုင်းချောင်းမြို့နယ်ခွဲ မြို့မဈေး၌ ငွေကျပ် ၃၃ သိန်းတို့ကို ထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

အလားတူ နိုဝင်ဘာ ၃၀ ရက်တွင် ညောင်တုန်းမြို့ မြို့မဈေး၌ ငွေကျပ်သိန်း ၂၀၊ (၈)လမ်းဈေး၌ ငွေကျပ် ၁၀ သိန်း၊ မြောင်းမြမြို့ မြသာယာဈေး၌ ငွေကျပ် ကိုးသိန်း၊ ဒီဇင်ဘာ ၁ ရက်တွင် ကျောင်းကုန်းမြို့ မြို့မဈေး၌ ငွေကျပ်သိန်း ၃၀၊ ဇလွန်မြို့ မြို့မဈေး၌ ငွေကျပ် ၇၅ သိန်း၊ ဓနုဖြူမြို့ မြို့မဈေး၌ ငွေကျပ် ၁၅ သိန်း၊ ဖျာပုံမြို့ မြို့မဈေး၌ ငွေကျပ် ၁၄၃ သိန်း၊ ဆိပ်ကမ်းသာဈေး၌ ငွေကျပ် ၁၅၇ သိန်း၊ မြန်အောင်မြို့ မြို့မနေခြည်ဈေး၌ ငွေကျပ် ၁၅သိန်း၊ အင်းပင်ဈေး၌ ငွေကျပ် ၁၅ သိန်း၊ လပွတ္တာမြို့ ရွှေနဒီပျံ့ကျဈေး၌ ငွေကျပ် ရှစ်သိန်း၊ အမှတ်(၁) ပျံ့ကျဈေး၌ ငွေကျပ် ခြောက်သိန်း၊ နန္ဒဝန်ဈေး၌ ငွေကျပ် ခြောက်သိန်း၊ ဒီဇင်ဘာ ၂ ရက်တွင် ကန်ကြီးထောင့်မြို့ မြို့မဈေး၌ ငွေကျပ် ၁၂ ဒသမ ၆ သိန်း၊ ဒါးကဈေး၌ ငွေကျပ် ၁၃ သိန်း၊ မြင်းကဆိပ်ဈေး၌ ငွေကျပ် ၄ ဒသမ ၄ သိန်း၊ ဘိုကလေးမြို့ မြို့မဈေး၌ ငွေကျပ် ၇ ဒသမ ၅ သိန်း၊ အောင်သပြေဈေး၌ ငွေကျပ် ခြောက်သိန်း၊ စုပေါင်းစံပြဈေး၌ ငွေကျပ် ၁၆ ဒသမ ၅ သိန်း၊ ဒီဇင်ဘာ ၃ ရက်တွင် ကြံခင်းမြို့ ကြံခင်းဈေး၌ ငွေကျပ် ၁၁ သိန်း၊ ငပုတောမြို့ မြို့မဈေး၌ ငွေကျပ် ၁၅ သိန်း၊ ဒီဇင်ဘာ ၄ ရက်တွင် ကျိုက်လတ်မြို့ ၁၀နာရီ ပျံ့ကျဈေး၌ ငွေကျပ် သိန်း ၃၀၀ တို့ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိမင်္ဂလာဈေးအတွင်းရှိ ပျံ့ကျဈေးသည် ကုန်စိမ်း ၂၈ ဦး၊ သားငါး ၂၂ ဦး စုစုပေါင်း ၅၀ တို့အား ချေးငွေကျပ် သိန်း ၅၀ ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် 　 ဒီဇင်ဘာ 　 ၁၅

**၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ကျင်းပသည်။**

**၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)



အစည်းအဝေးသို့ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်ရာ မိမိတို့လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများအား အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တက်ရောက်မည့် ပုဂ္ဂိုလ်များကိုလည်း စနစ်တကျဖြစ်စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီ အတွင်းရေးမှူးက (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အခမ်းအနားစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းအဖွဲ့၊ စစ်ရေးပြအခမ်းအနားစီစဉ်ရေးလုပ်ငန်းအဖွဲ့၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးလုပ်ငန်းအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းအဖွဲ့နှင့် လုံခြုံရေးလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက လုပ်ငန်းလိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ဆပ်ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# မြေလတ်တံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် 　 ဒီဇင်ဘာ 　 ၁၅**

မြင်းခြံမြို့ မြေလတ်ဂေါက်ကလပ်၏ ၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် မြေလတ်တံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို မြေလတ်ဂေါက်ကလပ်၌ ရွှေအဆင့်၊ ငွေအဆင့်၊ ကြေးအဆင့်၊ သက်ကြီးတန်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်များတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

ပြိုင်ပွဲဝင်လိုသူများသည် ဂေါက်ကလပ် ဖုန်း-၀၆၆-၂၁၃၄၈၊ အတွင်းရေးမှူး ဗိုလ်ကြီးရဲမင်း(ငြိမ်း) ဖုန်း-၀၉-၄၉၃၂၉၁၄၂၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်မျိုးဝင်းမြင့် ဖုန်း-၀၉-၂၂၁၆၄၆၄၊ ဦးသန်းထွန်း ဖုန်း-၀၉-၄၇၁၂၅၁၉၄၊ ဦးမောင်မောင် ဖုန်း-၀၉-၄၃၁၂၅၇၆၉ တို့သို့ ဒီဇင်ဘာ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် ချိန်း နှင့် နိုင်ငံခြားဇာတ်ကားသစ်တို့ တစ်ပြိုင်တည်း ရုံတင်

ရန်ကုန် ဒီဇင်ဘာ ၁၅

ဒီဇင်ဘာ ၁၆ ရက် (သောကြာနေ့) တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် **‘ချိန်း’** နှင့် နိုင်ငံခြားဇာတ်ကားသစ် THE ADVENTURES OF TIN TIN နှစ်ကား တစ်ပြိုင်တည်းရုံတင်မည်ဖြစ်ရာ မြန်မာရုပ်ရှင်ချစ်ပရိသတ်နှင့် နိုင်ငံခြားဇာတ်ကားမျှော်လင့်နေကြသည့် ပရိသတ်များပါ အကြိုက်တွေ့ကြမည် ဖြစ်သည်။

သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် Top Royal ရုံတို့တွင် တင်မည့် မြန်မာဇာတ်ကားသစ်မှာ **‘ချိန်း’** ဖြစ်ပြီး အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)က ရိုက်ကူးထားခြင်း ဖြစ်သည်။

ဇာတ်လမ်းမှာ အကဝါသနာပါသူ မိန်းမလှလေးတစ်ဦးနှင့် ကွန်ဖူးပညာရှင်လူငယ်တစ်ဦးတို့ ဟန်ဆောင်လက်ထပ်ကြပြီး မတော်တဆ ကားမှောက်သွားရာမှ မိန်းမပျိုက ယောကျ်ားစိတ်၊ ယောကျ်ားပျိုက မိန်းမစိတ် မမျှော်လင့်ဘဲ ဖြစ်ပေါ်လာရာမှ အခက်အခဲအမျိုးမျိုး ကြုံတွေ့ခဲ့ရကာ နောက်ဆုံး သဘာဝအလျောက် မိမိကိုယ်ပိုင်စိတ်များကို မတော်တဆမှုဖြစ်ပြီး ပြန်လည်ရလာသည့် စိတ်ကူးယဉ်ဇာတ်လမ်းစစ်စစ် မြန်မာဇာတ်ကား တစ်ကားဖြစ်သည်။

နေတိုး၊ အိန္ဒြာကျော်ဇင်၊ ကျော်ကျော်ဗိုတို့ ခေါင်းဆောင်ပါဝင်ထားကြသည့် စိတ်ကူးယဉ်ဇာတ်လမ်းစစ်စစ် ကြည့်ရှုလိုသော ပရိသတ်အကြိုက်တွေ့မည့် ဇာတ်လမ်းဖြစ်သည်။

နိုင်ငံခြားရုပ်ရှင် ဇာတ်ကားသစ် ADVENTURES OF TIN TIN မှာ ရွှေဆောင်ရုံတွင် ပြသမည်ဖြစ်ပြီး ရတနာများ တင်ဆောင်လာရင်း နစ်မြုပ်ခဲ့သည့် သင်္ဘောတစ်စင်း၏ မြေပုံတစ်ပိုင်းကိုတွေ့ရှိခဲ့သည့် လူငယ်တစ်ဦး၏ဇာတ်လမ်းကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင်မူ ပြသဆဲ လေကမ ဇာတ်ကားဖြစ်သည့် THE SMURFS ဇာတ်ဆန်းကား ဆက်လက်ပြသမည်ဖြစ်သည်။




**‘ချိန်း’ မြန်မာရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။**



# ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ပုဂံ၊ ပခုက္ကူနှင့် ရေစကြိုမြို့တို့၌ ဘာသာရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော်　ဒီဇင်ဘာ　၁၅

**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦးမြို့ရှိ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသုတေသနဓမ္မသဘင် အဆောက်အအုံ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ချက်များနှင့် ဓမ္မရောင်ခြည်ကျောင်းဆောင်တော် တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ တောင်ဇလပ် လူငယ်ပျိုးခင်း သင်တန်းကျောင်း၌ သင်တန်းသားအိပ်ဆောင်များ၊ ထမင်းစားဆောင်များနှင့် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တောင်ဇလပ်ဓမ္မသိရိတောင်တန်းသာသနာပြုကျောင်း ဆရာတော် ဦးယသအားဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ယင်းနောက် ပခုက္ကူမြို့နယ် အောင်ချမ်းသာကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ ဗုဒ္ဓရုပ်ပွားတော်နှင့် ဘာသာရေးစာအုပ်များ ပေးအပ်လှူဒါန်းပြီး တန်ဖိုးနည်းအိမ်ရာများကို လိုက်လံကြည့်ရှုကာ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေစကြိုမြို့ ဆင်ချောင်းကျေးရွာရှိ ပံ့သကူကျောင်း ဓမ္မာရုံတွင် ဆင်ချောင်းအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆင်ချောင်းကျေးရွာအုပ်စုအတွက် ဘုရားဆင်းတုတော်များ၊ ဆင်ချောင်းရွာ စာကြည့်တိုက်တည်ဆောက်ရန် အလှူငွေကျပ် ၁၀ သိန်း၊ စာအုပ်စာစောင်များ၊ ဆင်မရဲရွာ ဘုန်းတော်ကြီးကျောင်းအတွက် ဆိုလာပြား၊ ဘက်ထရီနှင့် မီးလုံးများကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် ဆိုလာပြား၊ ဘက်ထရီနှင့် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရေစကြိုမြို့နယ် သာသနာ့ဗိမာန်တော်၌ ဗိမာန်တော်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေး အား Mitsui & Co., Ltd. ရန်ကုန်ရုံးမှ အထွေထွေမန်နေဂျာ Mr. S. Asahina နှင့် အဖွဲ့ လာရောက် တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေးအား Mitsui & Co.,Ltd. ရန်ကုန်ရုံးမှ အထွေထွေမန်နေဂျာနှင့် အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော်　ဒီဇင်ဘာ　၁၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဲအေးအား Mitsui & Co.,Ltd. ရန်ကုန်ရုံးမှ အထွေထွေမန်နေဂျာ Mr. S. Asahina နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ ညှိသည်အဖွဲ့က Mitsui & Co.,Ltd. နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ Student Exchange Programme များ ဆောင်ရွက်လိုကြောင်း၊ ဂျပန်ဘာသာသင် ဆရာ၊ ဆရာမများကိုလည်း ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန် အကူအညီပေးလိုကြောင်း၊ စာအုပ်စာတမ်းများ၊ DVD အခွေများကိုလည်း လှူဒါန်းလိုကြောင်း ညှိနှိုင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက အခြားတက္ကသိုလ်များ၏ သိပ္ပံဘာသာရပ်ဆိုင်ရာနှင့် စီးပွားရေး၊ စီမံခန့်ခွဲမှု ဘာသာရပ်များအတွက်လည်း ပူးပေါင်းဆောင်ရွက်လိုကြောင်း ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံစက်မှုဇုန်၌ စက်ရုံအလုပ်ရုံ အုတ်မြစ်ချ ပန္နက်တင်မင်္ဂလာအခမ်းအနားများ တက်ရောက်

**နေပြည်တော်　ဒီဇင်ဘာ　၁၅**

ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံသူများ၏ စက်ရုံအလုပ်ရုံများ အုတ်မြစ်ချပန္နက်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ စက်မှုဇုန်၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ မြန်မာတောင်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် ကုမ္ပဏီအဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ အုတ်မြစ်ချပန္နက်တင်ပေးကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာတောင်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ အဆင့်မြင့် (Ware House) အဆောက်အအုံ (Supply Chain) သိန်းလင်းမြိုင်ကုမ္ပဏီလီမိတက်နှင့် UMH Co.,Ltd. တို့၏ အထည်ချုပ်စက်ရုံများနှင့် ဒေသခံလုပ်ငန်းရှင်များ၏ အထွေထွေစက်မှုလုပ်ငန်းများ အပါအဝင် အထည်ချုပ်စက်ရုံစီမံကိန်း မြေနေရာများ၊ သံလွင်ဧရာ စက်မှုထုတ်လုပ်မှုနှင့် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဓာတ်အားခွဲရုံ တည်ဆောက်မည့်မြေနေရာ၊ ဘားအံစက်မှုဇုန်၏ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စခန်းတည်ဆောက်မည့် မြေနေရာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဆက်သွယ်ရေးစခန်း တည်ဆောက်မည့် မြေနေရာ၊ မြငွေကြွယ်လင်းကုမ္ပဏီလီမိတက် စက်ဘီးပြန်လည်ပြုပြင်တပ်ဆင်ရေး စက်ရုံ တည်ဆောက်မည့် မြေနေရာတို့၌ အုတ်မြစ်ချ ပန္နက်တင်ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဘားအံစက်မှုဇုန်အတွင်း တည်ဆောက်ထားရှိသည့် လျှပ်စစ်ဓာတ်အားခွဲရုံအနီး ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု ဘားအံစက်မှုဇုန် စိမ်းလန်းစိုပြည်ရေး သစ်ပင်/သစ်စေ့မျိုးစုံပျိုးပွဲတော်သို့ တက်ရောက်ကာ ပျိုးပင်များ ပျိုးထောင်စိုက်ပျိုးပေးကြသည်။

အဆိုပါ သစ်ပင်/သစ်စေ့ပျိုးပွဲတော်တွင် ပျိုးပင်နှင့် မျိုးစေ့ စုစုပေါင်း ခြောက်သောင်းခန့် စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိန်နှင့်သောင်းမိသားစုကုမ္ပဏီလီမိတက် အထည်ချုပ်စက်ရုံ တည်ဆောက်မည့်မြေနေရာ၊ ရွှေသံလွင်ကုမ္ပဏီမှစက်ရုံတည်ဆောက်မည့် မြေနေရာ၊ ဘားအံဂေါက်ကွင်းအနီး ဟိုတယ်တည်ဆောက်မည့် မြေနေရာတို့၌ အဆောက်အအုံ အုတ်မြစ်ချ ပန္နက်တင် ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးဌေးအောင်အား အင်ဒိုနီးရှားသံအမတ်ကြီးနှင့် အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော်　ဒီဇင်ဘာ　၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်အား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် သံအမတ်ကြီးက Explore Myanmar 2011's Publication ကို အင်ဒိုနီးရှားဘာသာနှင့် ပြန်ဆိုချက်အား CD Copy ဖြင့် ပေးအပ်၍ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည် ပိုမိုတိုးတက်ရောက်ရှိမှုနှင့် နေပြည်တော်တွင် အဆင့်မီဟိုတယ်များ တည်ဆောက်နိုင်မှုကို ဂုဏ်ယူပါကြောင်း ပြောကြားပြီး အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား လေကြောင်းခရီးစဉ် ပျံသန်းရေး၊ ညီအစ်မမြို့တော်များ သတ်မှတ်ရေး၊ ဘုရားဖူးခရီးသွား လုပ်ငန်းမြှင့်တင်ရေး၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝင်ငွေတွက်ခြေကိုက်ဆီထွက်သီးနှံ နေကြာ တပ်ကုန်းဒေသအတွင်း အောင်မြင်ဖြစ်ထွန်း

သတင်းမှတ်စု - ဖြိုးစန္ဒာမြင့် ➢ ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

တောင်သူလယ်သမားများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးလိုက်သော သီးနှံများမှ အကျိုးစီးပွားရရှိခံစားနိုင်ရေး၊ ဒေသအလိုက် မြေသဘာဝ၊ ရာသီဉတုအပေါ်မူတည်၍ သီးနှံအမယ်အလိုက် ဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက်ရှိသည်။ တောင်သူများအနေဖြင့် နည်းစနစ်ပိုင်းတွင်လည်း လက်တွေ့ကျသည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ပြောင်းလဲအသုံးပြုပြီး သီးနှံတစ်ဧကအထွက်နှုန်းနှင့် စားသုံးမှုအရည်အသွေးမြင့်မားကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲအသုံးပြုရန်နှင့် မျိုးစေ့ထုတ်လုပ်ငန်း (Seed Production) များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရန် လိုအပ်လှပေသည်။

သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ဖြင့် စိုက်ပျိုးရန် နည်းစနစ်ပညာပေးခြင်းလုပ်ငန်း (Technology Jump) မှာ ယခင်က တောင်သူများကျင့်သုံးနေခဲ့သည့် ပျိုးထောင်ကောက်စိုက်သည့်စနစ်ထက် ပို၍အကျိုးရှိစွာ မျိုးစေ့သုံးစွဲရမှု အလွန်သက်သာစေခြင်း၊ ပျိုးပင်ဘဝတွင် အပင်များသန်မာကြီးထွားအောင် ပြုစုနိုင်ခြင်းများကြောင့် ပွင့်သီးချိန်အထိ အရည်အသွေးကောင်းရဲ့ သာမက အရေအတွက်လည်း ပိုမိုထွက်ရှိစေသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

တောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက်ပြီး တောင်သူတို့၏ ဘဝသာယာလှပရန်အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သုတေသနခြံ(တပ်ကုန်း)မှ သုတေသနပြု ထုတ်လုပ်ထားသော ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နေကြာဆီအထူးအထွက်တိုး ရေဆင်းစပ်မျိုး(၁) နေကြာကို စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။ ၎င်းမျိုးသည် အချိန်တိုအတွင်း အထွက်နှုန်းပိုမိုကောင်းမွန်ပြီး နှမ်းထက် အထွက်နှုန်းသေချာသော အထွက်ကောင်း နေကြာသီးနှံများကို တောင်သူများ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

နေကြာမျိုးစေ့တွင် အဖိုမျိုးစေ့နှင့် အမမျိုးစေ့ဟူ၍ရှိရာ အမ (၄)တန်း၊ အဖို (၁)တန်းစိုက်ပြီး အဖိုပင်မှရရှိလာသော အစေ့ကို ဆီကြိတ်ပြီး ဆီထုတ်ယူနိုင်သည်။ အမပင်မှ ထွက်သော အပွင့်ကို ပြန်စိုက်ခြင်းဖြင့် မျိုးစေ့ထုတ်လုပ်ငန်းကိုပါ တစ်ပါတည်းလုပ်ဆောင်နိုင်သည်။

နေကြာသီးနှံကို ၈၅ ရက်နှင့် ရိတ်သိမ်းနိုင်ပြီး သန့်စင်ပြီးနေကြာသီးနှံများကို ဆီကြိတ်ယူနိုင်ပြီး နေကြာသီးနှံတစ်တင်းကို ဆီ ၄ ပိဿာ ၅၀ ကျပ်သားနှင့် တစ်ဧကလျှင် ပိဿာ ၂၂၀ ထွက်ရှိသောကြောင့် အထွက်နှုန်းသေချာသည့် သီးနှံအမယ်တစ်မျိုးလည်းဖြစ်သည်။

နေကြာဆီသည် ပြည့်ဝဆီ မဟုတ်သဖြင့်ကျန်းမာရေးနှင့်လည်း ကိုက်ညီသည်။ ထို့ပြင် မျက်စိကို ကြည်စေခြင်း၊ ဆံကေသာနက်မှောင်စေခြင်းတို့အပြင် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါစသည့် နှလုံးနှင့် ပတ်သက်သော ရောဂါများကို ပျောက်ကင်းစေကြောင်းလည်း သိရသည်။



**နေကြာကို ပန်းတိုင်အထွက်နှုန်းမီအောင်စိုက်ပျိုးနိုင်ခဲ့သူ တောင်သူ ဦးဇော်မင်းထွန်း။**

ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာမှ နေကြာစိုက်တောင်သူ ဦးဇော်မင်းထွန်းက "ကျွန်တော် မနှစ်က နေကြာဆီ အထူးအထွက်တိုး ရေဆင်းစပ်မျိုး (၁)ကို စိုက်ခဲ့ပါတယ်။ တစ်ဧကကို ၅၂ တင်းထွက်ပါတယ်။ ဒါ့အပြင် ကျွန်တော့်ကို နေကြာပန်းတိုင်အထွက်နှုန်းမီတဲ့အတွက် အောက်တိုဘာ ၁၆ ရက် ကမ္ဘာ့စားနပ်ရိက္ခာနေ့မှာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)က ဆု ချီးမြှင့်ခဲ့ပါတယ်။ ဒီနှစ်လည်း နေကြာသီးနှံကို မျိုးစေ့ထုတ်လုပ်ငန်းအတွက် မျိုးပွားဧက ၃ ဧကနဲ့ ဆီထွက်အတွက် ၆ ဧက စုစုပေါင်း ၉ ဧကအထိ တိုးချဲ့စိုက်ပျိုးထားပါတယ်"ဟု ရှင်းပြသည်။

စပ်မျိုးနေကြာမျိုးများဖြစ်သော ဆင်းရွှေကြာ(၂)၊ ဆင်းရွှေကြာ(၃)စသည့် မျိုးများကို ၂၀၀၅ ခုနှစ်မှ စတင်၍ မြို့နယ်အတွင်း ဧက ၂၀၀၀ ကျော်အထိ စိုက်ပျိုးခဲ့ပြီး မျိုးစေ့လုံလောက်မှုရှိစေရန်အတွက် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်သည့်လုပ်ငန်းကိုမူ ယခုနှစ်မှစတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မျိုးပြောင်းလဲစိုက်ပျိုးမှုကြောင့် ရမည်းသင်းမြို့နယ်တစ်ခုလုံးတွင် ဆီထွက်နှုန်း ပိဿာ ၁၅ သိန်းကျော် တိုးတက်လာခဲ့ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

ထို့ကြောင့် တောင်သူများအနေဖြင့် ဝင်ငွေတွက်ခြေကိုက်ပြီး အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံနေကြာဆီကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အတွက်ပါ ရည်ရွယ်ပြီး စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေမည်ဖြစ်ပြီး နေကြာဆီ အထူးအထွက်တိုး ရေဆင်းစပ်မျိုး (၁)သည် မြန်မာနိုင်ငံ၏ ဆီဖူလုံ ပိုလျှံစေရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်သည်။ ။



**သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော နေကြာဆီအထူးအထွက်တိုး ရေဆင်းစပ်မျိုး(၁) နေကြာစိုက်ခင်းအား တွေ့ရစဉ်။**

# သိမ်တော်ကြီး ရေစက်ချမင်္ဂလာ ကျင်းပမည်

**ရန်ကုန်　ဒီဇင်ဘာ　၁၅**

ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၈) ရပ်ကွက် မြရည်နန္ဒာလမ်း မဟာဓမ္မိကာရာမပုဂံတိုက်သစ်အတွင်း၌ ဆောက်လုပ်ပြီးစီးသွားသော သာသနာလင်္ကာရ သိမ်တော်ကြီး စုပေါင်းရေစက်ချအလှူမင်္ဂလာကို နတ်တော်လပြည့်ကျော် ၈ ရက် (ဒီဇင်ဘာ ၁၈ ရက် ၊တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည် ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

❍ ကျောဖုံးမှ

ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

မိုက္ကရိုဆော့ဖ်ကုမ္ပဏီကို ပူးတွဲထူထောင်ခဲ့သူ အယ်လင်သည် ၎င်း၏ ပထမဆုံးသော အာကာသစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် Stratolaunch Systems အမည်ရှိ ကုမ္ပဏီကို ထူထောင်လိုက်ပြီဖြစ်သည်။ အယ်လင်သည် အာကာသဒီဇိုင်းပညာရှင် ရာတန်နှင့်အတူ Spaceship One အမည်ရှိ ဒုံးပျံလေယာဉ်တစ်စင်းကိုလည်း တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံခဲ့သည်။

အယ်လင်သည် ကမ္ဘာ့အကြီးဆုံး လေယာဉ်တည်ဆောက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ထည့်ဝင်မည်ဟု ဆိုသည်။

ကမ္ဘာ့အကြီးဆုံးလေယာဉ်ကို ဝေဟင်အတွင်းမှ အာကာသအတွင်းသို့ ဂြိုဟ်တုများကို ဈေးနှုန်းချိုသာစွာဖြင့် လွှတ်တင်ပေးနိုင်ရန် အသုံးပြုမည်ဖြစ်သည်။

မိခင်ယာဉ်မကြီးအဖြစ် ဒုံးပျံလေယာဉ်တစ်စင်းကို လေယာဉ်နှစ်စင်းက ခြံရံထားသည့် ဧရာမလေယာဉ်ကြီးအဖြစ် တည်ဆောက်ရန် အာကာသဒီဇိုင်းပညာရှင် ရာတန်က ဒီဇိုင်းပုံစံရေးဆွဲထားသည်။

ကမ္ဘာ့အကြီးဆုံး လေယာဉ်၌ ဘိုးအင်း-၇၄၇ အမျိုးအစားလေယာဉ် အင်ဂျင်ခြောက်လုံး တပ်ဆင်ထားမည်ဖြစ်ပြီး လေယာဉ်တောင်ပံအရှည်မှာ ၃၈၅ ပေအထိ စံချိန်တင် ရှိမည်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး လေယာဉ်၏ အလေးချိန်မှာ ပေါင်ချိန် ၁ ဒသမ ၂ သန်းခန့် ရှိမည်ဟု ခန့်မှန်းထားသည်။ အဆိုပါ လေယာဉ်သည် အမြင့်ပေ ၃၀၀၀၀ မှ ပျံသန်းနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **အင်တာနက်။**

# စာအုပ်စာပေ လှူမိတ်ဆွေ



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး ရခိုင်ရိုးရာကျင်ကိုင်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၁၅

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် သံတွဲမြို့နယ် ဂျိတ္တောကျေးရွာ ငါးနီတူအစုအဖွဲ့ လုပ်ငန်းရှင်များအား ကုန်စည်ဒိုင်၌တွေ့ဆုံပြီး လင်းမူတောင်ကျေးရွာ လျှပ်စစ်မီးစက်ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားကာ လျှပ်စစ်မီးစက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။**

ပြည်နယ်ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီတွင် သံတွဲမြို့နယ် ကျောက်ကြီးစံပြကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည့် Communication Centre ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး Communication Centre အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ Centre အတွင်းရှိ ipstar, Computer နှင့် Solar တပ်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ကျောက်ကြီးစံပြကျေးရွာ မူကြိုကျောင်းသို့ ရောက်ရှိပြီး မူကြို ကလေးငယ်များအား လက်ဆောင်ပစ္စည်းများပေးအပ်ကာ ကျောင်းရန်ပုံငွေအတွက် ထောက်ပံ့ငွေကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောက်ကြီးစံပြကျေးရွာ ဆေးပေးခန်းနှင့် ကျောက်ကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ ပညာရည်မြင့်မားရေး၊ အောင်ချက်ရာနှုန်းမြင့်မားရေး၊ ထူးချွန်ကျောင်းသားများ တိုးတက်ပေါ်ထွန်းရေးတို့အတွက် ကြိုးပမ်းသွားကြရန် မှာကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် သံတွဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စက်မှုလက်မှုသိပ္ပံကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ စာသင်ဆောင်များနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများအား ပညာရေးဆိုင်ရာများကို မှာကြားခဲ့သည်။

ဆက်လက်၍ ညနေ ၃ နာရီခွဲတွင် စစ်တွေမြို့ ဝက်ဘာကွင်း၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာကျင်ကိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲကိုစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ထို့နောက် ရခိုင်ကျင်သန်နှစ်ဦးက မင်္ဂလာကျင်ကိုင်သရုပ်ပြခြင်း၊ ရွှေမောင်းတန်းကျင်သန်နှစ်ဦးက ကျင်ကြိုးဝိုင်းအတွင်း လှည့်ပတ်ကျင်ကွင်းသရုပ်ပြခြင်း၊ ရခိုင်စိုင်းဒြားစည်တော်အဖွဲ့တို့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ခြင်းတို့ကို ပြုလုပ်ကြပြီး ကျင်ကိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ဝေသာလီအားကစားကွင်း၌ ကျင်းပသည့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ U 25 အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဆုပေးပွဲတွင် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ဒုတိယဆုရ သံတွဲခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်း၊ ပထမဆုရ စစ်တွေခရိုင်(က)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ စစ်တွေခရိုင်(က)အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

၂၀၁၁ ခုနှစ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လေးခရိုင် အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၃ နာရီတွင် တောင်ငူမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်အားပေးသည်။

ဗိုလ်လုပွဲတွင် သာယာဝတီခရိုင်အသင်းက ပြည်ခရိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရသူ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အလယ်တန်းနှင့် ရှေ့တန်းအကောင်းဆုံးဆုရသူ၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဘောဘိအုန်းက နောက်တန်းအကောင်းဆုံးဆုရသူနှင့် သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဌေးက ဂိုးသမားအကောင်းဆုံးဆုရသူအား လည်းကောင်း၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဒုတိယဆုရ ပြည်ခရိုင်အသင်းနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဦးက ပထမဆုရ သာယာဝတီခရိုင်အသင်းတို့အား တစ်ဦးချင်းဆုများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒုတိယဆုရ ပြည်ခရိုင်အသင်းအား ဆုကြေးငွေကျပ် သုံးသိန်း၊ ပထမဆုရ သာယာဝတီခရိုင်အသင်းအား ဆုကြေးငွေကျပ် ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလားကြီးကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၁၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဂရိတ်ဝေါ) ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် (ဂရိတ်ဝေါ) ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူကြပြီး မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အမှာစကားပြောကြား၍ **(အောက်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**၂၀၁၁ ခုနှစ် (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်နှင့် အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ဆုနှင့်အတူ တွေ့ရစဉ်။**

(ကြက်တောင်ရိုက်အဖွဲ့ချုပ်)



# လေးနိုင်ငံဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

အာရှဟော်ကီအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား လေးနိုင်ငံ ပါဝင်သည့် ဒုတိယအကြိမ် အရှေ့တောင်အာရှ အမျိုးသားဟော်ကီပြိုင်ပွဲကို သိမ်ဖြူ မြက်ခင်းတုဟော်ကီကွင်း၌ ဒီဇင်ဘာ ၁၄ ရက်က ဒုတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပထမပွဲစဉ်အဖြစ် မွန်းလွဲ ၂ နာရီတွင် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မလေးရှားအသင်းက စင်ကာပူအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ညနေ ၄ နာရီတွင် ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။**(အောက်ပုံ)**

ပြိုင်ပွဲကို ယနေ့တစ်ရက်နားပြီး ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် မြန်မာနှင့် မလေးရှား၊ နံနက် ၁၀ နာရီတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၉)





# အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်၏ ကမ္ဘာ့အကောင်းဆုံး တင်းနစ်ချန်ပီယံဆုကို ဂျိုကိုဗစ်နှင့် ကီတိုဗာတို့ ဆွတ်ခူး

**ပါရီ ဒီဇင်ဘာ ၁၅**

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)က ချီးမြှင့်သော ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး တင်းနစ်ချန်ပီယံဆု (အမျိုးသား)ကို နိုဗက်ခ် ဂျိုကိုဗစ်က ဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး တင်းနစ်ချန်ပီယံဆု (အမျိုးသမီး)ကို ပတ်ထရာကီတိုဗာက ဆွတ်ခူးနိုင်ခဲ့သည်။**(အပေါ်ပုံ)**

ဂျိုကိုဗစ်သည် ဂရင်းဆလမ်းပြိုင်ပွဲ လေးခုအနက် သုံးခုတွင် သရဖူဆောင်းနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သဖြင့် အဆိုပါဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကီတိုဗာသည် ယခုနှစ်အတွက် ကမ္ဘာ့အဆင့်(၂)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သော်လည်း (Fed Cup) ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ကာရိုလိုင်းဝေါ့ဇနက်ကီကို အနိုင်ယူနိုင်ခဲ့သဖြင့် ယခုကဲ့သို့ ဆုချီးမြှင့်ခြင်းခံခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် ကီတိုဗာသည် (WTA Championships) ပြိုင်ပွဲတွင်လည်း သရဖူဆောင်းနိုင်ခဲ့သည်။

ယင်းအပြင် ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး တင်းနစ်ချန်ပီယံ (အမျိုးသားနှစ်ယောက်တွဲဆု)ကို ဘရိုင်ယန်ညီနောင်ဖြစ်သည့် ဘော့ဘရိုင်ယန်နှင့် မိုက်ဘရိုက်ယန်ညီနောင်တို့က ရှစ်ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး တင်းနစ်ချန်ပီယံဆု (အမျိုးသမီးနှစ်ယောက်တွဲဆု)ကို ကီတာပက်ချ်ကီနှင့် ဘာတာရီနာဆရီဘော့တ်နစ်ခ်တို့က ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ချန်ပီယံများအား အိုင်တီအက်ဖ်၏ နှစ်ပတ်လည်နေ့ဖြစ်သည့် ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်တွင် ပါရီမြို့၌ ညစာစားပွဲတည်ခင်းပြီး ဆုများချီးမြှင့်ပေးမည်ဖြစ်သည်။ ***အင်တာနက်။***

# ဒေးဗစ်ဗီလာကို ရောင်းထုတ်မည်မဟုတ်ကြောင်း ဂွါဒီယိုလာ ထုတ်ဖော်ပြောကြား

**ဘာစီလိုနာ ဒီဇင်ဘာ ၁၅**

ဘာစီလိုနာအသင်းသည် အသက် (၃၀)အရွယ် ၎င်းတို့၏ တိုက်စစ်မှူး ဒေးဗစ်ဗီလာမှာ ချယ်လ်ဆီးနှင့် လီဗာပူးတို့၏ ပစ်မှတ်ဖြစ်လာခြင်းကြောင့် ၎င်းအား အသင်းမှ ရောင်းထုတ်နိုင်ဖွယ်ရှိသည်ဟု စပိန်သတင်းစာ မာကာက ကိုးကားဖော်ပြခဲ့သော်လည်း ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သည်။

ဂွါဒီယိုလာက မိမိသည် ရီးယဲလ်မက်ဒရစ်အသင်းအား ၃-၁ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲတွင် ဗီလာ**(ယာပုံ)**အား အရန်ခုံတွင် ထိုင်ခိုင်းရခြင်းမှာ မိမိ၏ ကစားသမားများ အလှည့်ကျ ပွဲထုတ်မှု စနစ်ကြောင့်သာဖြစ်ကြောင်း၊ ၎င်းကို အသင်းမှ မလိုအပ်၍ မဟုတ်ကြောင်း၊ အသင်းရှိ ကစားသမားအားလုံးသည်လည်း ထိုစနစ်ကို လက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဗီလာသည် ဘာစီလိုနာအသင်းတွင် ၇၅ ပွဲ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ၃၂ ဂိုး သွင်းယူနိုင်ခဲ့သည်။ ***အင်တာနက်။***



ဟိန်းထက်လင်း

# စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ လက်ခံကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မဲခေါင်ဒေသခွဲ ခြောက်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ၁၉၉၂ခုနှစ်တွင် စတင်ခဲ့ပြီး အာရှ ဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ပံ့ပိုးမှုဖြင့် ထိပ်သီးအစည်းအဝေးများကို သုံးနှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပခဲ့ရာ ယခု ၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ(Greater Mekong Subregion) ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်သည်။

နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပမည့် ယင်း မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံနှင့် ADB တို့မှ နိုင်ငံအကြီးအကဲများ၊ ဌာနအကြီးအကဲနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ စုံစုံညီညီ တက်ရောက်ကြမည်ဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲနှင့် စီးပွားရေးစင်္ကြံတစ်လျှောက် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်မြှင့် ဆက်သွယ်ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)




**ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်နှင့်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်



နေပြည်တော် ဒီဇင်ဘာ ၁၅

**ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့သည် ဘင်္ဂလားဒေ့ရှ် ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed, (ND), ndc, psc ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။**

### ပြန်လည်လိုက်ပါ

ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး အဆိုပါချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးချုပ်တင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူး Brig. Gen. MD. Shahidul Hague.Psc တို့လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

### ဆေးပညာသတင်းဆန်းများ(၂၁)

❝ဗိုက်အဆီကျဖို့ လေ့ကျင့်ခန်းလုပ်ရာမှာ လမ်းမြန်မြန်လျှောက်ခြင်းဟာ အလေးမ လေ့ကျင့်ခန်းလုပ်ခြင်းထက် ပိုမိုကောင်းမွန်❞

ဆောင်းပါး စာမျက်နှာ - ၆

### အစားထိုးတင်သွင်းလာသည့် မော်တော်ယာဉ်များ ထုတ်ယူနိုင်

❝မော်တော်ယာဉ်ထုတ်ယူရေးအတွက် နေ့ချင်းပြီး ရှင်းလင်းထုတ်ယူနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိ❞

ပြည်တွင်းသတင်း စာမျက်နှာ - ၂

### လိုင်းကားနှင့် ကျောင်းကြိုပို့ယာဉ် တိုက်မိ

❝ကျောင်းကြိုပို့ယာဉ်များသည် ကလေးငယ်များ၏ ဘေးအန္တရာယ်လုံခြုံရေးကို အထူးဂရုစိုက်သွားရန်လို❞

မှုခင်းသတင်း စာမျက်နှာ - ၅

### ပင်လယ်သေရေခန်းခြောက်မှုပြဿနာကြောင့် အရှေ့အလယ်ပိုင်း၌ ပဋိပက္ခများ ပိုမိုမြင့်မားလာနိုင်

❝မြစ်ချောင်းများမှ ရေချိုများကို အလွန်အကျွံ သုံးစွဲခဲ့ခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသ၏ ရေသံသရာတစ်ခုလုံး ဟန်ချက်ပျက်ယွင်းလာ❞

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

# ဂြိုဟ်တုများလွှတ်တင်ရာ၌ အသုံးပြုရန် ကမ္ဘာ့အကြီးဆုံး လေယာဉ်ပျံတည်ဆောက်မည်

ဘာသာပြန် - သတင်းလုလင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၅**

ဝေဟင်အတွင်းမှနေ၍ အာကာသတွင်းသို့ ဂြိုဟ်တုများ လွှတ်တင်ရာ၌ အသုံးပြုရန် ကမ္ဘာ့အကြီးဆုံးလေယာဉ်တစ်စင်းကို တည်ဆောက်မည်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးလေယာဉ် တည်ဆောက်ရေးစီမံကိန်းအတွက် မိုက္ကရိုဆော့ဖ် ကွန်ပျူတာဆော့ဖ်ဝဲထုတ်လုပ်ရေးကုမ္ပဏီတည်ထောင်သူ ပေါလ်အယ်လင်၊ လေကြောင်း အာကာသဒီဇိုင်းပညာရှင် ဘတ်ရာတန်၊ စပေ့စ်အိပ်စ်ကုမ္ပဏီနှင့် ဒုံးပျံနည်းပညာရှင်များ ပူးပေါင်း **စာမျက်နှာ ၉ ကော်လံ ၆ သို့**



**ကမ္ဘာ့အကြီးဆုံးလေယာဉ်၏ ဒီဇိုင်းပုံစံကို တွေ့ရစဉ်။**